ပေမည်။ ငါ့ထမ်းပိုးကို တင်၍ထမ်းကြလော့။ ငါ့ထံ၌ နည်းခံကြလော့။ ငါသည် နူးညံ့သိမ်မွေ့နှိမ့်ချသော စိတ်သဘောရှိ၏ သင်တို့စိတ်နှလုံးသည် သက်သာခြင်းကို ရလိမ့်မည် . . . ” (မ ၁၁း၂၈-၃၀)။

ဤကဲ့သို့သော မျှော်လင့်ခြင်းတရားနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ခြင်း စကားလုံးများသည် လူတိုင်းအတွက် ဓမ္မသစ်ကျမ်းစာမျက်နှာတိုင်း၌ပါရှိပါသည်။ အံ့ဖွယ်ကောင်းလှပါသည်။ အကြီးမြတ်ဆုံးအချုပ်အချယ်အာဏာရှိသူ၊ ကမ္ဘာကြီးကိုအုပ်ချုပ်သူ၊ ကောင်းကင်ဘုံရှင်ထာဝရဘုရားသည် သူ့တရားစကားတော် ဂရုစိုက်နာခံကျင့်သုံးသူ၊ သူ့နာမတော်ကိုအလေးအမြတ်ထားသူများကို ရှာဖွေပြီးမျက်နှာသာပေးတော်မူသည်။ ထိုအကြောင်းကို သမ္မာကျမ်းစာထဲ၌သာတွေ့မြင်ရပါသည်။

**နိဂုံးချုပ် (Conclusion)**။ အတိုချုပ်ပြောရလျှင် သမ္မာကျမ်းစာအုပ်ကြီးသည် အနှိုင်းမဲ့စာအုပ်ထူကြီးဖြစ်ပါသည်။ ဤလောက၌ပြိုင်ဆိုင်နိုင်သော မည်သည့်ကျမ်းဂန်စာပေစာအုပ်မျှမရှိပါ။ လူသာမန် (စာရေးဆရာ) များက ရေးသားခြင်းမရှိနိုင်သည်မှာသေချာလှပါသည်။ ထာဝရဘုရားနှုတ်ကပတ် တရားတော်များသာဖြစ်ပါသည်။ ထို့ကြောင့် သမ္မာကျမ်းစာကို ကြည်ညိုလေးစားသော စိတ်နှလုံးနှင့် အတူဖတ်ရှုလေ့လာရမည်။ စိတ်ဝင်တစားဖတ်ရှုဆင်ခြင်ရမည်။ အကြောင်းမှာ ပြဿနာပေါင်းစုံဖြေရှင်းပေးသည်။ အရင်းအမြစ်ကြီးဖြစ်ပြီး လူများအားသတိပေးကာမျှော်လင့်ခြင်း တရားလည်းပေးပါသည်။ အခြားမည်သည့်သည့် စာအုပ်မျှဤကဲ့သို့စွမ်းဆောင် နိုင်ခြင်းမရှိပါ။ ဂရုမပြု၊ သတိမထားမိလျှင် ဂူမမြင်ဖြစ်သွားကြလိမ့်မည်။ မိုက်မဲလွန်းရာကျသည်။ ဤလောက အမှောင်ထဲမှထွက် သွားနိုင်အောင် လိမ္မာကြပါစို့။ အမှန်တရားကိုရှာဖွေကြပါစို့။



# ထာဝရဘုရား၏ မူလစာမူအရင်းဖြစ်သော သမ္မာကျမ်းစာအုပ်

# The Divine Origin of The Bible

## ပြီးပြည့်စုံသောဟောပြောချက်များပါဝင်သောပြီးပြည့်စုံလင်သည့်စာအုပ်ကြီး

## Unique book with a unique message

မည်သည့်ဘာသာမဆို အခွင့်အာဏာရှိမှုသည် ၎င်း၏မူလအရင်းအမြစ်၌မူတည်ပါသည်။ ထိုတရားကိုမည်သူကဟောခဲ့သနည်း။ လူသားတစ်ဦးဦးဟောကြားသောတရားဖြစ်လျှင် မှတ်ထားလိုက်နာသင့်ပါသလား။ မည်သည့်လူသားတစ်ယောက် (သို့) မည်သည့်အဖွဲ့အစုများ၏ သဘောထားယူဆမှုသည် အခြားလူများထက်ပို၍ အခွင့်အာဏာမရှိနိုင်ပါ။ ယုတ္တိရှိခြင်း၊ နောက်ခံအကြောင်းခိုင်လုံခြင်းများရှိသယောင် တင်ပြခြင်းသာဖြစ်ပါသည်။ အမှန်တရားဖြစ်ကြောင်း အာမခံချက်အထောက်အထား မပေးနိုင်သောဟောပြောမှုသာဖြစ်ပါသည်။

ကမ္ဘာပေါ်ရှိဘာသာကြီးများသည် လူများ၏တွေးခေါ်ချက်ရေးသားခြင်းအပေါ်တည်ထောင်ခြင်းသာဖြစ်ပါသည်။ဗုဒ္ဓဘာသာသည် လွန်ခဲ့ပြီးသော (၆)ရာစုကာလ၌ အိန္ဒိယ ပြည်တွင် နေထိုင်ခဲ့သော (ဂေါတမဗုဒ္ဓ)၏ ဟောပြောချက်အပေါ် တည်ထောင်သော ဘာသာဖြစ်ပါသည်။ နောင်နှစ်အနည်းငယ်ကြာသောအခါ သူ့နောက်လိုက်တပည့်များက ဂေါတမကို “ဘုရား” ဟု ခေါ်ဝေါ်လာကြသည်။ ဘီ-စီ (၁၅၀၀) ကာလ၌ “ဗေဒဝါဒ” ကိုကျင့် သုံးခြင်းဖြင့် ဘီးနုနှင့်ရှီဗါမှ ပြန်လှန်ကာတဖြည်းဖြည်း ဗြမ္မာဝါဒတို့မှတဆင့် ဖြတ်ကျော်ပြီး ဘီစီ(၂) ရာစုရောက်သောအခါ အစောပိုင်းဟိန္ဒူဘာသာ ဖြစ်ပေါ်လာပါသည်။ ဘီစီ ၅ ရာစု၌တရုတ်ပြည်ရှိဒဿနိကပညာရှင် ကွန်ဖြူးရှုမှတဆင့်“ကွန်ဖြူးရှင်ဝါဒ” ပေါ်ပေါက်လာခဲ့သည်။ အေဒီပထမရာစု၌ “ကွန်ဖြူးရှု” ကိုလူတို့ကကိုးကွယ်လာခဲ့သည်။ မူဝါဒသဘောတရားများကို ထုတ်ပြန်ကြေငြာခြင်းဖြင့် ရာစုများစွာ၌ဘာသာရေးတစ်ခုစီသည် ကိုးကွယ်မှုရှိလာခဲ့သည်။ မူစလင်ဘာသာမှာမူမတူသော

အမျိုးအစား၌ပါဝင်ပါသည်။အေဒီ၈ရာစု၌ မဟာမက်၏ ရေးသားခြင်းမှပေါက်ပွား လာခဲ့ပါသည်။ ယင်းသည်မဟာမက်မတိုင်မီ တည်ရှိသော ခရစ်ယာန်အတွေး အခေါ်နှင့်ဆက်နွယ်မှုရှိခဲ့သည်။ဤသို့ကျယ်ပြန့်စွာပျံ့နှံ့သည့် ဘာသာရေးများမှာ ထောက်ခံသူ သန်းပေါင်းများစွာရှိခဲ့သည်။ ယင်းတို့သည် လူတို့၏ဆုံးဖြတ်ချက် များပေါ်မူတည်သည်။ နောက်ပိုင်းမှာ တွေးခေါ်မှုမည်၍ မည်မျှသန့်စင်တိုးတက် အောင်ပြုပြင်သော်လည်း လူတို့၏စိတ်နှလုံး၌စွဲမြဲလျက် ရှိနေခဲ့ပါသည်။

**ခရစ်ယာန်ဘာသာ (The christian religion)**

ခရစ်ယာန်ဘာသာကလည်းထိုကဲ့သို့ပင်မဟုတ်ဘူးလား၊ မေးစရာရှိလာ သည်။ သမ္မာကျမ်းဖြစ်အောင် လူတို့ရေးသားခဲ့သည်ဖြစ်၍ ယင်း၏သွန်သင်ခြင်းများ ကိုလက်ခံကြသည် မဟုတ်ဘူးလား။

ပထမပိုင်းမှာ ဤသို့သောဝေဖန်မှု၊ ထင်မြင်ချက်များပေါ်ပေါက်ခဲ့ပါသည်။ သို့သော် ကျမ်းစာပါရေးသားချက်အကြောင်းအရာများကို အသေအချာစစ်ဆေး သောအခါ အထက်ပါဘာသာတရားများနှင့် မတူညီကြောင်းတွေ့မြင်လာရပါ သည်။ နဂိုမူလစာမူပိုင်ရှင် မည်သူဖြစ်သနည်းဟူသော လူများ၏မေးခွန်းထုတ် နိုင်လောက်အောင်ထူးခြားဆန်းကြယ်မှုက ရှိနေပါသည်။ အမှန်ရေးသားသောသူ များမှာလူသားများအတွေးခေါ် ရေးဖွဲ့နိုင်သော အကြောင်းအရာများနှင့် များစွာ ကွာခြားမှုရှိနေသောကြောင့်ဖြစ်ပါသည်။ (၁၉) ရာစုနှစ်၌ ကျောင်းသားတစ် ယောက်သည် သမ္မာကျမ်းစာကို အပြန်အလှန်အခေါက်ခေါက်အခါခါဖတ်ရှု လေ့လာ ပြီးမှ ဤသို့မှတ်ချက်ချခဲ့ပါသည်။ ကျမ်းစာသည် လူသားများရေးနိုင်ခြင်း ကြောင့် (တွေးခေါ်နိုင်သောကြောင့်) ရေးသားခြင်းမဟုတ်သလို (ရေးသားလိုသော အရာ အတွေးအခေါ်) များရေးခြင်းလည်း မဟုတ်ပါဟူ၍ ဖြစ်သည်။ ဤသို့ဆိုလျှင် သတိကြီးစွာ လေ့လာရပါမည်။ ကြိန်အင်လက္ခဏာများ သိဖို့လိုပါသည်။ သို့မှသာ တကယ်ထူးခြားကောင်းမြတ်သော စာအုပ်ဖြစ်ကြောင်းကမ္ဘာပေါ်ရှိ စာအုပ်ကြီးများ



များသိရှိနားလည်ရန်သာလိုပါတော့သည်။ နားလည်လိုသူများ ဆက်လက်ဖတ်ရှု သင့်ပါ။

အစ္စရေးလ်လူမျိုးတို့အရေးအခင်းအမျိုးမျိုးရှိခဲ့သော်လည်း ထာဝရဘု ရားအားကိုးကွယ်ဆည်းကပ်သူ၊ ကြောက်ရွံ့သူ၊ တရားတော်လိုက်နာကျင့်သုံးသူ များအတွက်မူ ကောင်းကြီးမင်္ဂလာခံစားနိုင်ကြောင်း ဂတိတော်သည်ဆက်လက် တည်ရှိနေပါသည်။ အစ္စရေးလ်တို့အားဘုရားရှင်ကဤသို့သတိပေးတော်မူခဲ့၏ “စိတ်နှိမ့်ချ ခြင်း၊ နှလုံးကြေကွဲခြင်း၊ ငါ့စကားကြောင့် တုန်လှုပ်ခြင်းရှိသောသူကိုသာ ငါကြည့်ရှုမည်” (ဟေရှာ -၆၆း၁-၂)။

ဤသတိပေးစကားကို အစ္စရေးလ်တို့ကြီးစွာသော ဒုက္ခများတွေ့နေကြစဉ်၌ ဟေရှာယမှ ဟောပြောခြင်းဖြစ်ပါသည်။ ထိုအချိန်တွင် မြောက်ပိုင်းရှိအစ္စရေးလ် နိုင်ငံကိုအဆီးရီးယန်းတို့က သိမ်းပိုက်ခဲ့ပြီးဖြစ်သည်။ ယုဒပြည်ကိုပါဝင်တိုက်နေချိန် ဖြစ်သည်။ အစ္စရေးလ်တို့၏ လူနေမှုစနစ် အဖွဲ့အစည်းသည်ပျက်စီးနေသည်။ ဓနဥစ္စာကြွယ်ဝချမ်းသာသူများက ဆင်းရဲနွမ်းပါးသူများကိုအနိုင်ကျင့်ခဲ့ကြသည်။ ဘုရားရှင်၏ပညတ်တော်ကို အလေးမထားဘဲ ရုပ်တုကိုးကွယ်ကာသောက်စား ပျော်ပါးဆိုးသွမ်းခဲ့ကြသော အချိန်ကာလဖြစ်ပါသည်။ ထိုကဲ့သို့သော အချိန်မျိုး၌ပင် ထာဝရဘုရားက မိမိအပြစ်သိသောသူ၊ ဝန်ချတောင်းပန်သူ၊ စိတ်နှလုံးကြေကွဲ သူများအတွက် ဘုရားရှင်ကယ်တင်ခြင်း ရှိနေကြောင်းတရား ဟောချက်ကရှိနေ ပါသေးသည်။ ယေရှုခရစ်တော်သည်လည်းထိုပုံစံအတိုင်းဖြစ်ပါသည်။ လူသားများ အတွက်သူသည်ဘုရားသခင်၏ရည်မှန်းချက်များနှင့် ပတ်သတ်မှုရှိနေသည်။ ယင်းတို့တွင် ရှင်ပြန်ထမြောက်ခြင်းတရားစီရင်ခြင်းနှင့် အထွဋ်အထိပ် တစ်ခုမှာ နိုင်ငံအားလုံး၏ တစ်ခုတည်းသော အစိုးရတည်ထောင် မည့်အကြောင်းတို့ ပါဝင်သည်။လူသား တို့၏ဘဝအဖုံဖုံဒုက္ခ အမျိုးမျိုးကိုသိရှိတော် မူသောကြောင့် “ဝန်လေး၍ပင်ပန်းသော သူအပေါင်းတို့၊ ငါ့ထံသို့ လာကြလော့။ ငါသည် ချမ်းသာ

တလျှောက်လုံး၌ ထာဝရဘုရားပါဝင်နေကြောင်း အတိုချုပ်အားဖြင့်သိရှိနိုင်သည်။ သူ့နာမတော် တကမ္ဘာလုံးရှေ့၌၊ ထာဝရဘုရားပါဝင်နေကြောင်း အတိုချုပ်အားဖြင့် သိရှိနိုင်သည်။ သူ့နာမတော် တကမ္ဘာလုံးရှေ့၌ ထင်ရှားစေရန် လူ့သမိုင်းတလျှောက် ၌ လွှမ်းမိုးလာခဲ့သည်။ လူသားတို့၏ လူဘဝသည်လည်း ထာဝရဘုရား ကြိုတင်ရေးဆွဲတော် မူခဲ့သော ပုံစံဒီဇိုင်းအတိုင်းတာအတိုင်း ထာဝရဘုရား ကိုယ်တော်တိုင်က အကောင်အထည်ဖော်သွားမှာဖြစ်သည်။

ထိုကဲ့သို့ဖော်ပြသော အခြားဘာသာတရားမျှ ဤလောကမှာမရှိပါ။ မည်သည့်စာရေးဆရာ၊ မည်သည့်စာပေကျမ်းဂန်ထဲ၌လည်းမတွေ့နိုင်ပါ။ သမ္မာကျမ်းစာအုပ်တအုပ်တည်းကသာပြိုင်ဘက်မရှိရေးသားတင်ပြခဲ့ပါသည်။ ထာဝရဘုရားရှင်၏လှုပ်ရှားအလုပ်လုပ်ပုံအကြောင်းအရာများကို သမ္မာကျမ်းမြတ်ကသာဖော်ပြခဲ့ပါ သည်။ ဤရှုထောင့်အမြင်သည် ပထမအားဖြင့် မည်သူကပိုင်ဆိုင်သနည်း။ ဘီစီ ၁၄၀၀ မှ၊ အေဒီ (၁)ရာစုအထိ၊ ရှင်ယောဟန်တို့ခေတ်ကာလ၌ ဤအတွေးအခေါ်အစီအစဉ်ပါဝင်သောကျမ်းစာအုပ်ကြီးကို မည်သူကကြည့်ရှု ထိန်းသိမ်းကာကွယ်စောင့်ရှောက်လာခဲ့သနည်း။ ဓမ္မဟောင်းထဲ၌ရှိသောအကြောင်း အရာကို ဓမ္မသစ်ထဲ၌လည်း မပြောင်းမလဲတွေ့မြင်ဖတ်ရှုရပါသည်။ အနန္တတန်ခိုးတော်နှင့်ပြည်စုံသော ထာဝရဘုရားကိုယ်တော်သာလျှင် သူ၏ကျမ်းစာအုပ်ကြီးကို ဘီစီခေတ်မှအေဒီခေတ် ယနေ့ကာလထိ ထိန်းသိမ်းကာကွယ်စောင့်ရှောက် ယူဆောင်လာသူဖြစ်တော်မူသည်။ သမ္မာကျမ်းစာသည် သူ၏အလိုဆန္ဒတော်နှင့်အကြံအစည်ဟူမျှပါရှိသောကြောင့်ဖြစ်ပါသည်။

**<u>လူသားများဆီသို့</u> ("To this man ....")**

ကမ္ဘာ့လူမျိုးအားလုံးနှင့်ပက်သက်သောထာဝရဘုရား၏ အကြံအစည်တော်ကိုသမ္မာကျမ်းစာကဖော်ပြကြောင်းသိရှိလာကြပါသည်။ ယခုဆိုလျှင်၊ လူသားအယောက် တိုင်းအတွက် သမ္မာကျမ်းစာက ပြောပြရေးပြသော အကြောင်းအရာ



နှင့်မတူကြောင်းနားလည်နိုင်ပါမည်။

အခြေခံအရေးအကြီးဆုံးအချက်ကြီးတစ်ခုမှာ ကျမ်းစာကိုရေးသား သူများက သူတို့အကြောင်းသူတို့ ကိုယ်တိုင်ဖော်ပြချက် များလည်းရှိပါသည်။ ထို့ကြောင့် ပေ့ါပေ့ါဆဆ မတွေးဘဲလေးနက်စွာ ဆင်ခြင်ရပါမည်။ “ကျွန်ုပ်ခေတ် ကြီးက အသိဉာဏ်ပညာ ပိုမိုကြွယ်ဝသောခေတ် မဟုတ်လား” ဟုပြောဆိုမှုများစွာ ရှိပါသည်။ ဤသို့ ပြောဆိုမှုသည် လူသားများ၏ ဆုံးဖြတ်ချက်သာဖြစ်ပါသည်။ မှားယွင်းပြောဆိုမှုသာဖြစ်ကြောင်း ဖော်ထုတ်နိုင်ပါသည်။

## <u>စာအုပ်များစွာပေါင်းစည်းပါဝင်သော စာအုပ်ကြီးတအုပ်သာဖြစ်ကြောင်း</u>

**Many books, yet one**

သမ္မာကျမ်းစာအုပ်သည် စာအုပ်တစ်အုပ်အဖြစ်လက်ဝယ်ရောက်ရှိလာပါသည်။ သို့သော်အထဲ၌မူ စာအုပ်ပေါင်း (၆၆) အုပ်ပါရှိပြီး စာရေးသူပေါင်း (၄၀) ကျော်ကရေးသား ကြခြင်းဖြစ်သည်။ ဘီစီ (၁၄၀၀) ကတည်းက မောရှေ၏ခေတ်၌ စုစည်းထားမှုအစပြုပြီး အေဒီ (၁)ရာစုခေတ် ရှင်ယောဟန်တို့ခေတ် တလျှောက်အတွင်း ရေးသားပြုစုခဲ့ကြရာ နှစ်ပေါင်း (၁၅၀၀) ကြသည်ဟုဆိုရပါမည်။ ရေးသားတင်ပြချက်များသည် လူသား၏အစမူလဆီသို့ ပြန်လည်ရောက်ရှိသွားပါသည်။ ထာဝရဘုရားသည်သာ ကောင်းကင်နှင့်မြေကြီးအပါအဝင် အရာခပ်သိမ်းအားဖန်ဆင်းသူဖြစ်ကြောင်း တင်ပြပြီး လူသားမျိုးနွယ်တို့အပေါ် ထားရှိသောရည်မှန်းချက်များကိုပါ အကျယ်တဝင့်တင်ပြနိုင်ခဲ့ပါသည်။ ဤကဲ့သို့အကျယ်ကြီးနှင့် အဝေးကြီးလှမ်းမြင်တင်ပြနိုင်သော စာအုပ်ဟူ၍ ကမ္ဘာပေါ်၌မရှိသေးပါ။ ထို့ပြင် ရေးသားတင်ပြချက်များသည် လောကလူသားများ၏ အတွေးအခေါ်ဖြင့် ဟောကိန်းထုတ်မှုမျိုးမရှိခဲ့ပါ။ လူ့သမိုင်း ၌အခြေအမြစ်ရှိခဲ့ပြီး အမှန်တကယ် ရှိသောလူမျိုးနှင့် တိုင်းပြည်အကြောင်း ခေတ်ဦးလူသားများ၏ အလုပ်အကိုင်များ အကြောင်းတင်ပြရင်း၊ ကမ္ဘာ့တဝှမ်းရေလွှမ်းမိုးမှုအကြောင်းဘုရားရှင်က ထူးခြားစွာရွေးကောက်

သောလူမျိုးများအကြောင်း ရေးသားထားပါသည်။ ထိုလူမျိုးတို့ သည်အာဗြဟံ၏ အမျိုးအနွယ်များပင်ဖြစ်ကြပါသည်။ သူတို့ကိုအီဂျစ်ပြည် ကျွန်ဘဝမှ ဘုရားရှင်က ကယ်ထုတ်ခဲ့ပြီးနောက် ခါနာန်နိုင်ငံကို ဝင်ရောက်သိမ်းပိုက်ပြီး အခြေချနေထိုင်ခဲ့သည်။ ထိုစာအုပ်၌ ခါနာန်နိုင်ငံကို ဝင်ရောက်သိမ်းပိုက် ပြီးအခြေချနေထိုင်ခဲ့သည်ကို အကုန်အစင် ဖော်ပြထားသည်။ သမ္မာကျမ်းစာသည် ထိုအစ္စရေးလူမျိုးအကြောင်းကိုသမိုင်းအဖြစ်တင်ပြနိုင်သည်။ သူတို့၏ယုံကြည်ခြင်းဆိုင်ရာ သူရဲကောင်း ဘိုးတော်ကြီးများနှင့် ဘုရားရှင်ကိုမနာခံမှုကြောင့် တိုင်း တပါးသားများဖြစ်သော အဆီးရီးယား နှင့် ဗာဗုလုန်တို့လက်သို့ ကျဆင်းစေခဲ့သည်။ ထို့အပြင် သူတို့တည်ထောင်သောနိုင်ငံကြီးပါ တဖြည်းဖြည်းလုံးပါးပါးပြီး ပျောက်ကွယ်သွားပုံများအထိ တိကျစွာဖော်ပြထားပါသည်။ ထို့နောက်မှဓမ္မသစ်ကျမ်း ဆက်လက်ပေါ်ပေါက်လာသည်။ စာအုပ်တွင် ယေရှုကိုယ်တော်ကြွဆင်းလာမည့်အကြောင်းနှင့် သူ့တမန်တော်တို့၏ ဟောပြောခဲ့သော သတင်းကောင်းတရားများကို ရေးသားပြုစုထားပြီး အသင်းတော်များထံ အေဒီ (၁) ရာစုအတွင်း၌ ရေးသားခဲ့သော ဆုံးမဩဝါဒစာနှင့် အဆုံးသတ်ထားသည်။

မှတ်သားရမည့်အချက်ကြီးများ ဤကဲ့သို့ကာလကြာရှည်သော နှစ်ပေါင်း (၁၅၀၀) တလျှောက်လုံး၌ သမ္မာကျမ်းစာသည် စစ်မှန်သောဘုရားတစ်ဆူတည်းသာရှိတော်မူကြောင်းနှင့်အကြံအစည်တော် တစ်မျိုးတစ်ခုတည်းသာရှိကြောင်း ဖော်ပြ ခြင်းပင်ဖြစ်သည်။ အစောဆုံးခေတ်ဦး၌ရေးသားပြုစုသော ဓမ္မဟောင်းကျမ်းနှင့် နောက်ဆုံးထွက်ဓမ္မသစ်ကျမ်း(၂)အုပ်စလုံးသည် အမြင်ခြင်းတူညီသောကြောင့်၊ တစ်ခုတည်းသောအကြောင်းကို ဖော်ပြသောစာအုပ်ကြီးဖြစ်သွားပါသည်။ အမှားနှင့်လုံးဝမကင်းနိုင်သော လူ့ဘောင်လောကကြီး၌ ဤကဲ့သို့သောစာအုပ်ကြီးထွက် ပေါ်လာမှုသည် သေချာစွာနားလည်သင့်သော အကြောင်းအရာဖြစ်နေပါသည်။



အုပ်ထဲပါရှိသည့် အတိုင်းသာဖြေရှင်းနိုင်ပါသည်။

## ကမ္ဘာပေါ်ရှိတော်မူသောဘုရား (God in the world)

တစ်ခုရှိပါသေးသည်။ သမ္မာကျမ်းစာပါထာဝရဘုရားသည် လူသားများနှင့်ဝေးကွာခြင်းမရှိပါ။ သို့သော်လူသား (မိန်းမ/ယောကျ်ား)တို့၏ အတွေ့အကြုံမှဝေးရာသို့ ဖယ်ရှားခြင်းခံရသော ဝိညာဉ်လောက၌ တည်ရှိသောကြောင့်ဖြစ်ပါသည်။ လူသားကိုဖန်ဆင်းခဲ့သူ ဖြစ်သော်ငြားလည်း သူ့အလိုတော်ကို တကမ္ဘာလုံးကငြင်းပယ်နေကြသည်။ ထိုအခါ သူ့လူမျိုးသပ်သပ်တည်ထောင်ရန် အာဗြဟံအားခေါ်ထုတ်တော်မူခဲ့သည်။ အာဗြဟံ၏မျိုးနွယ်များကို တိုင်းပြည်တစ်ခုအမွေခံရန် ဂတိတော်ပြုပြီးနောက်၊ ထိုဂတိတော်အတိုင်း ထိုတိုင်းပြည်ကိုပေးအပ်ကာ "သူ့နာမတော်" ထင်ရှားစေရန်အတွက် စည်းကမ်းဥပဒေများဖြစ်အုပ်ချုပ်ကာ ဘာသာရေးနှင့်လူမှုရေး၌ ကိုးကွယ်ကျင့်ကြံနေထိုင်စေခြင်းအားဖြင့် ထာဝရဘုရား၏ဂုဏ်တော်အနန္တကိုအခြားလောက လူမျိုးများရှေ့၌ဖော်ပြသက်သေခံကြရန် အမိန့်တော်ရှိခဲ့ပါသည်။ ဤသို့ဖြင့်သူ့လူမျိုးတို့အားနှစ်ပေါင်း (၁၀၀၀) ကျော်အုပ်ချုပ်လာခဲ့ရာ၊ သူတို့အပြစ်လုပ်လျှင် တရားစီရင်ခြင်းခံရကြောင်း ပရောဖက်များကို စေလွှတ်ပေးပြီး သတိပေးစေတော်မူခဲ့သည်။ အပြစ်မလုပ်သူလူနည်းစု ကိုလည်း ဂတိတော်ပြုခဲ့ပါသည်။ သို့သော် သူ့လူမျိုးများက ခေါင်းမာစွာဖြင့် ထာဝရဘုရားကိုပြစ်မှားဆန့်ကျင်မနာခံကြသောအခါ သတိပေးတော်မူခဲ့သည့်အတိုင်း ကမ္ဘာ့တိုင်းပြည်အသီးသီးသို့ ပြန့်ကြဲရောက်ရှိသွားစေတော်မူသည်။ နောက်ဆုံး၌ ပျိုကညာမာရိမှမွေးဖွားခဲ့သော သူ့သားတော်အားဖြင့်ကယ်တင်ရာ လမ်းကြောင်းပြန်ဖွင့်ပေးပြီး ထိုကယ်တင်ခြင်းသတင်းကောင်းကို ကမ္ဘာတစ်ခုလုံး သို့ဟောကြားသက်သေခံ ခိုင်းတော်မူခဲ့ပါသည်။ ခေတ်ကာလကုန်ဆုံးချိန်၌ ကမ္ဘာ့နိုင်ငံအားလုံးလူမျိုးအားလုံးကိုအုပ်ချုပ်ပြီး လူသားအတွက်သာယာဝပြောသော ကမ္ဘာကြီးဖော်ဆောင်သွားမည့်အကြောင်းဂတိတော်ရှိခဲ့သည်။ ဤသို့ဖြင့်၊ ကမ္ဘာ့လူ့သမိုင်း

ဆုံးသော သဘောထားသူဖြစ်တော်မူသည်။ မောရှေအားဖြင့် အစ္စရေးလ်လူမျိုးတို့ ရှေ့၌ဖေါ်ပြသော ဖေါ်ပြချက်မှတပါး၊ ဘုရားရှင်၏ပုံရိပ်တော် ဂုဏ်တော်များကို ဖေါ်ပြရန်ကျွန်ုပ်တို့က မတတ်နိုင်ပါ" ချစ်သနားခြင်းမေတ္တာကရုဏာနှင့် ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့် ကြွယ်ဝတော်မူထသော . . . တရားတော်ကို လွန်ကျူးခြင်း၊ ပြစ်မှားခြင်း အပြစ်တို့ကို ဖြေလွှတ်သော်လည်း အချိုးနှိုးသက်သက် ဖြေလွှတ်တော်မူထသော . . . "(ထွက်-၃၄း၆-၇ RV)။ ထိုကဲ့သို့ သန့်ရှင်းတော်မူပြီး မှန်ကန်သောဘုရားသည် သူ့ကိုကိုးကွယ်ဆုတောင်းရန် ရှာဖွေသောသူများကို မှတ်တော်မူပြီးနှိမ့်ချစွာ အပြစ်ဝန်ခံတောင်းပန်သူများကို ခွင့်လွှတ်တတ်သော ဘုရားရှင်ဖြစ်ကြောင်းကို ဘီစီနှစ်ပေါင်း (၁၀၀၀) ကျော် ကာလကတည်းက ဓမ္မဟောင်းကျမ်းတွင် ရေးသွင်းထိန်းသိမ်းထားပြီး၊ အေဒီ(၁)ရာစု ရောက်မှ ဓမ္မသစ် ကျမ်းထဲ၌ပြန်ပေါ်လာခဲ့ပါသည်။ အခြားကမ္ဘာ့ စာပေစာအုပ်ကြီး များ၌ ထိုအကြောင်း ဖေါ်ပြခြင်းမရှိပါ။

ဓမ္မသစ်ကျမ်းထဲ၌မူ ထာဝရဘုရား၏ ပုံရိပ်တော်သည်ယေရှုခရစ်တော်၌ ထင်ရှားပေါ်လွင်လာပြီး ဖခမည်းတော်ဘုရား၏ ကြွန်အင်လက္ခဏာဂုဏ်တော် အရပ်ရပ်ကို ဖေါ်ပြတော်မူခဲ့ပါသည်။ တဆက်တည်း၌ သူ့ခမည်းတော်သည် အရာခပ်သိမ်းအပေါ်အကြီးမြတ်ဆုံးဘုရားဖြစ်ကြောင်းကိုပါ ဟောပြောမိန့်ဆို သက်သေခံတော်မူခဲ့ပါသည်။ ယေရှုခရစ်တော်သည် သမ္မာတရား၌ သစ္စာရှိသူ အပြစ်မျိုးစုံဖေါ်ထုတ်ရှုတ်ချခဲ့သူ လူသားတို့အပေါ် အကြင်နာကြီးသူ ထာဝရဘုရား အားသစ္စာရှိရှိ ဝတ်ပြုကိုးကွယ်သူ ကိုယ်ကျိုးဟူသမျှ စွန့်လွှတ်နိုင်သူ ဖြစ်တော် မူသည်။ ထိုကဲ့သို့သော အကျင့်သီလနှင့် သိက္ခာများသည် မည်သည့်ကမ္ဘာ့စာပေ စာအုပ်ကြီးထဲ၌မျှမပါ။ သမ္မာကျမ်းစာတော်ထဲ၌သာ ပါရှိသည်။ မည်သို့ဖြစ်ပေါ်လာ သနည်းဟုမေးလျှင် အတိတ်ကအဖြစ်အပျက်မျိုးစုံကို ကြည့်ခြင်းဖြင့် မည်သည့် လူသားကမျှ ထိုကဲ့သို့သောအတွေးအခေါ်မျိုးမရှိနိုင်ပါ။ ထို့ကြောင့် သမ္မာကျမ်းစာ



## ဘုရားရှင်မှုတ်သွင်းတော်မူသောစကား (The inspired word)

သမ္မာကျမ်းစာအုပ်ရေးသူများသည် ၎င်းတို့၏အယူအဆ အတွေးအခေါ် စကားများရေးသားခြင်းမဟုတ်ပါ။ ထာဝရဘုရား၏ အကြံအစည်တော်ထဲရှိ အကြောင်းအရာစကားများသာရေးသားကြသည်- ဆိုသောအချက်သည်၊ ဖတ်ရှုသူ အားလုံး၏ ထူညီသောအကြောင်းအတည်ပြုချက်ဖြစ်ပါသည်။ ဥပမာ-

"ဘုရားရှင်ကမောရှေသို့ . . ဤစကားကိုရေးလော့"-ဟုကျမ်းစာထဲပါရှိခြင်း သည် ကျမ်းပြုသူပုဂ္ဂိုလ်အားလုံး၏ သော့ချက်ဖြစ်သည်ကို တွေ့ရှိရပါသည်။-ဘုရား ရှင်၏ နှုတ်ကပတ်တော်လာသည်မှာ "ဘုရားရှင်၏နှုတ်တော်စကားသည် အကျွန်ုပ် ထံရောက်ရှိလာပြီး မိန့်ဆိုသည်မှာ" အစရှိသည်များသည် ရေးသားသူ၏ ထင်မြင်ယူ ဆချက်တွေးခေါ်ပုံလုံးဝကင်းရှင်းကြောင်း ထင်ရှားစေသောအဖွင့်စကားများဖြစ် ကြသည်။ သခင်ယေရှုခရစ်တော်ကိုယ်တိုင်ကလည်းပညတ်တော်တရားများနှင့် ပရောဖက်တို့၏ ဟောပြောချက်များကို အတည်ပြုသုံးစွဲတော်မူခဲ့ ပါသည်။ ထိုနည်း တူသူ့တမန်တော်တို့ကလည်း အသိအမှတ်ပြုသုံးစွဲလာခဲ့ ကြသည်။ ထို့ကြောင့် သမ္မာကျမ်းစာ ပါရေးသားသွန်သင်ပြချက်အားလုံးသည် ထာဝရဘုရား မှုတ်သွင်း တော်မူသော စကားများဖြစ်ပြီး ရေးသားသူများ၏ အတွေးအခေါ်အယူအဆ အာဘော်လုံးဝမပါကြောင်းထင်ရှားစွာ တွေ့မြင်ရပါသည်။ လူများပြောဆို ဟော ကြားသော အရာများမဟုတ်ဘဲ ထာဝရားဘုရား ကိုယ်တော်တိုင် မှုတ်သွင်းတော်မူ သော စကားများသာဖြစ်သည်။ လူများ၏အလို ဆန္ဒအရ ရေးသားခြင်းမဟုတ်ပါ။ (၂ပေ-၁း၂၁) "ကျမ်းစာလာသမျှ ထာဝရမှုတ်သွင်း တော်မူ၏"ဟု ရှင်ပေါလုက လည်း အတည်ပြုခဲ့ပါသည် (၂တိ-၃း၁၆)။ စာရေးသူများ ၏စိတ်နှလုံးထဲ၌ ထာဝရ ဘုရားမှုတ်သွင်းတော်မူခဲ့သောစကားများသည်ထာဝရဘုရား၏ အကြံအစည်တော် များသာဖြစ် ကြသည်။

## ကျမ်းစာပါအမှန်တရားနှင့်ပတ်သတ်သောသက်သေခံချက်များ။

**Testimony to Bibletruth**

လွန်ခဲ့သောပထမနှစ်ပေါင်း (၃၀၀)အတွင်းရှိကနဦးအသင်းတော်ကြီးသည်၊ ဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်းနှစ်စောင်စလုံး ထာဝရဘုရား၏ စကားတရားတော်ဖြစ်ကြောင်းတညီတညွတ်တည်းခံယူဟောပြောအသုံးပြုလာခဲ့ကြပါသည်။ဓမ္မပညာရှင်ကြီး ဂျွန်အူးရကူဟတ်(John Urquhart) ဆိုသူက အေဒီ (၃၀၀) မှတမန်တော်ယောဟန်ခေတ်ကာလဆီသို့ နောက်ကြောင်းဖော်ပြီး သက်သေခံရေးသားခဲ့ပါသည်။ ယင်းသို့ဖြင့်အေဒီ (၃) ရာစုအတွင်းရှိ အော်ရီဂျင်နှင့် ဆိုက်ပရီယံ၊ အဲလစ်ဆန်ဒါ မှ ခလေးမင့်၊ (၂) ရာစုမှထာတူးလီယံ၊ အီရီးနာစ်၊ သီအိုးဖိလာစ်၊ ဂျတ်စတင်းမာသာများစတင်ဖေါ်ပြသည်။ (၂) ရာစုခေတ်၌ အာဇာနည်ဖြစ်ခဲ့ကြသော ပေါလီခတ်ပ် နှင့်အိနေးရှာစ်တို့ကိုလည်းထည့်သွင်းထားသည်။ နောက်ဆုံး၌ အေဒီ(၉၀) ရာစု တွင် ရောမမြို့ကြီး၌ ပါစတာ (ဘီးရှော့) လုပ်ခဲ့သူခလေးမင့်၏ အကြောင်းကို ရေးသားရာ၌ နိဂုံးချုပ်ခဲ့ သည်မှာ-

ဤသက်သေခံချက်၏အဓိပ္ပါယ်သည်ရှင်းနေပါသည်။ အငြင်းပွားမှုမရှိခဲ့ပါ။ သူတို့အားလုံးကဓမ္မဟောင်းနှင့်ဓမ္မသစ်သည် ထာဝဘုရား၏တရားစကားဖြစ်ပါသည်ဟု အမြင်တစ်မျိုးတည်းမြင်ခဲ့ပါသည်။ ဆက်လက်စုံစမ်းရမည့်အရေးကြီးသည့်အချက်တစ်ခုမှာ ဤအမြင်သည်ပြောင်းလဲမှုမရှိဘဲ တည်မြဲနေသည်။ သင်းတော်ကြီးထဲ၌ ကျင့်သုံးမှုမှ တဖြည်းဖြည်းဖြစ်ပေါ်လာသည့် အမြင်မျိုးလည်း မဟုတ်ခဲ့ပါ တမန်တော်များခေတ်ဦး ကတည်းက-ရှိခဲ့ပြီးသော-ယုံကြည်မှုတရားမှ လက်ဆင့်ကမ်းခဲ့ခြင်းဖြစ်ပါသည်။

ထို့ကြောင့်တမန်တော်တို့အားလုံးကပင် ဓမ္မဟောင်းနှင့်ဓမ္မသစ်ဖြစ်သော ဓမ္မကျမ်းတော်(၂)ဆူစလုံးကို လက်ခံကျင့်သုံးဟောပြောလာခဲ့ကြပါသည်ဟုမှတ်ချက်ချ ပြောပြရန်မှအပ အခြားအထောက်အထားများ တင်ပြရန်လည်း



ထူးခြားမှု ရှိပါသနည်း။ ဤအကြောင်း များသိရှိသူတစုံတစ်ယောက်ရှိသည်မှာ မှန်ကန် နေပြန်ပါသည်။ အရာခပ်သိမ်းမြင်နိုင်သော သဗ္ဗညုတဉာဏ်တော်အနန္တနှင့်ပြည့်စုံသောထာဝရဘုရားပင် ဖြစ်တော်မူသည်။ ဆင်ခြေဆင်လက်ပေးခြင်းရှိလျှင်လည်း အရာရောက်မည်မဟုတ်ပါ။

## စာရိတ္တဆိုင်ရာအချက် ( The moral factor)

ခရစ်မပေါ်ခင်နှစ်ပေါင်းများစွာကာလများ၌ လူသားများသည် သဘာဝအချင်းအရာများ(ဖန်ဆင်းခြင်းခံရသောအရာများ) ဖြစ်သည့် နေ-လ-ကြယ်၊ တိရစ္ဆာန်များကိုဘုရားမှတ်ပြီးကိုးကွယ်လာခဲ့ကြသည်။ ကလေးငယ်များ ဆက်ကပ်ပူဇော်မှုသည် သူတို့ကိုးကွယ်သော ဘုရားကတောင်းခံခြင်းကြောင့် ဖြစ်သည်ဟုထင်လာခဲ့ ကြသည်။ ဓမ္မဟောင်းကျမ်းထဲ၌ ဘုရားတုမောလုတ် (Molech) အားကိုးကွယ်ခြင်းအပေါ် ပရောဖက်မိက္ခာ (Micah) က "ငါ့စိတ်ဝိညာဉ်၏ အပြစ်အတွက် ငါ၏ ရင်သွေးကိုငင်း ပူဇော်ရမည်လော" ဟုမေးခဲ့ဘူးပါသည် (မိ ၆း၇)။ ရှေးဟောင်း ရောမနှင့်ဂရိတို့၏ဒဏ္ဍာရီဘုရားသည် ဂုဏ်ပြုချီးမွမ်းခြင်း ခံရသောလူများဖြစ်ဟန်ရှိပါသည်။ လူတွေကိုယ်စားပြုခြင်းသာဖြစ်၏။ ရောမတို့၏ လျှို့ဝှက်နက်နဲသော ကာမဂုဏ်ကိစ္စများ၌ အထွဋ်အမြတ်ထားသော ပြည့်တန်ဆာများပါဝင်ဆက်ကပ်ခြင်းများရှိခဲ့သည်။ ရှေးဟောင်းယုံကြည်ချက်အတိုင်း ဘုရားများပူဇော်မှုဖြစ်ဟန်ရှိပါသည်။ ယခုခေတ်အရှေ့ပိုင်း ဘာသာရေးသည်အဝေးမှလူ့အတွေးအခေါ် နယ်ပယ်ကိုလွှမ်းမိုးပုံရပြီး၊ သာမန်လူ၏နေ့စဉ် အတွေ့အကြုံမှဖယ်ရှားလျက်ရှိပါသည်။

ကျမ်းစာပါဘုရားသခင်မှာမူ အထက်ပါတို့နှင့်ကွာခြားပြီး တုနှိုင်း၍မရသောဘုရားဖြစ်တော်မူသည်။ ကောင်းကင်တန်ဆာများနှင့်မြေကြီးအရာဟူသမျှ ဖန်ဆင်းသော ဘုရားဖြစ်ပြီး၊ အနန္တတန်ခိုးရှင်ဖြစ်ကာ အချုပ်အခြာအာဏာ ပိုင်ဆိုင်သူလည်းဖြစ်တော်မူသည်။ သို့သော် ကမ္ဘာလူသားများနှင့်ဆက်ဆံရာ၌မူ အမွန်မြတ်

အကြမ်းဖက်သည့် အပြုအမူများကိုနိုင်ငံတကာ ငြိမ်းချမ်းရေးအတွက် ထိန်းချုပ်ထားမည့် အုပ်ချုပ်ရေး စနစ်ဖြစ်သောကြောင့် ဖြစ်ပါသည်။ အာဏာရှိသည်သာမက တကမ္ဘာလုံးငြိမ်းချမ်း ကောင်းစားရေးဆိုင်ရာ မူဝါဒကိုပါ ဖေါ်ထုတ်ကျင့်သုံးသွားမည် ဖြစ်ပါသည်။ အုပ်ချုပ်သူကိုယ်တိုင်သည် အထူးလေ့ကျင့်သင်ကြားပေးပြီး ရွေးကောက်ခြင်းခံရသူ ဖြစ်ပါသည်။ မိမိတို့အနေဖြင့် ရွေးကောက်နိုင်ခွင့်ရှိလျှင် လူ့သမိုင်း၏ လူခေါင်းဆောင်တကာထက် ပိုမိုထူးချွန် သောယေရှုခရစ်တော်သာလျှင် ရွေးမည်မဟုတ်ပါလား သူ၏စံပြုအကျင့်၊ သိက္ခာ၊ အမှန်တရားလက်ကိုင်ထားမှု၊ အခြားသူများအပေါ် စာနာထောက်ထားတတ်သော စိတ်နှလုံးသား ဟန်ဆောင်မှုကင်းသောအပြုအမူ ထာဝရဘုရားကို ကြည်ညို လေးစားမှုစသည့် အရည်အချင်းများနှင့် ပြည့်စုံထူးချွန်မှုများက ကမ္ဘာသစ်ကို အုပ်ချုပ်သူအဖြစ် တင်မြှောက်ထိုက်သူဖြစ်နေပါသည်။ ထိုအဖြစ်ကို ပညာရှိ လူသားတိုင်းကဖြစ်လို၊ မြင်လို၊ ခံစားလိုစိတ်ရှိကြပါသည်။

**ထာဝရတည်မြဲသည့်ရှင်ဘုရင်ကြီး (A King for ever)**

အထူးခြားဆုံးတစ်ခုမှာ နိုင်ငံကိုအုပ်ချုပ်လာသူလူသားများသည် သူတို့လူမျိုးအတွက် ကောင်းကျိုးပြုကြသော်လည်း တစ်နေ့မဟုတ်တစ်နေ့ ကွယ်လွန်သွားကြသောကြောင့် သူတို့ကိုဆက်ခံလာသော အုပ်ချုပ်သူများသည်လည်း မျှော်လင့်ချက်ရှိနိုင်ကြမည်လား ထိုကဲ့သို့ကွယ်လွန်ခြင်းသဘောသည် ယေရှုခရစ်တော်၌မရှိပါ။ သူသည် ထာဝရအသက်ပိုင်ရှင်ဖြစ်တော်မူသောကြောင့် ထာဝရအုပ်ချုပ် သွားသူဖြစ်သွားလိမ့်မည်။ သမ္မာကျမ်းစာပါ ကာလကြာကတည်းကရေးဆွဲ လာခဲ့သည့် ကမ္ဘာ့ငြိမ်းချမ်းရေး မူဝါဒများသည် ယခု(၂၁)ရာစုလူသားတို့ မျှော်လင့်တောင့်တနေကြသော ကမ္ဘာ့အစိုးရကြီးပင်ဖြစ်ကြောင်းမည်ကဲ့သို့ သက်သေအထောက်အထား ပြနိုင်မည်နည်း သမ္မာကျမ်းစာသည် အခြားဘာသာတရားများ၊ လူ့လောကစာပေများ ဟောပြောသွန်သင်ခြင်းထက်မည်သို့ ကောင်းမွန်



မရှိတော့ပါ။ သူတို့၏ အရှင်သခင်ဖြစ်သူက အလားတူလက်ခံကျင့်သုံးဟောပြော မိန့်ဆိုမှုသာမရှိလျှင် သူတို့ကလည်း ထိုကဲ့သို့လက်ခံဟောပြော ကျင့်သုံးလိုက်နာခြင်း ရှိခဲ့လိမ့်မည် မဟုတ်ပါ။

နောက်တစ်ချက်ရှိပါသေးသည်။ ပညတ်တော်၊ ဆာလံကျမ်း၊ ပရောဖက်များ၊ သတင်းကောင်းနှင့် တမန်တော်နှင့် ဗျာဒိတ်ကျမ်း ရေးသားပြုစုသူအားလုံး ကလည်းသူတို့၏အတွေးအခေါ်အယူအဆ တစုံတရာရေးသားခြင်းမဟုတ်ကြောင်းနှင့် ထာဝရဘုရား၏ နှုတ်တော်ထွက်တရားစကားများသာရေးသား နေကြကြောင်း ယုံကြည်စိတ်ချမှု၊ သိနားလည်မှုရှိပြီးသားဖြစ်ပါသည်။ ဤနည်းအတိုင်း(အားလုံးက) ဝန်ခံပြောဆိုခဲ့ကြပါသည်။ ဤသို့ရေးသားရာ၌ နှစ်ပေါင်း (၁၅၀၀)အချိန်ကြာ ထိန်းသိမ်း ပြီး၊ ထိုကဲ့သို့သော ပြီးပြည့်စုံလင်စွာ စုစည်းထားသည့် ရေးသားတင်ပြချက် များလည်း ကမ္ဘာလောက၌ မရှိဖြစ်နေပါသည်။ သို့သော် ကျမ်းပြုရေးသားသူတို့၏ ပြောစကားဖြစ်သည်ဟု ဆိုရာတွင်မဖြစ်နိုင်စရာ ပင်ဖြစ်သည်။ အကြောင်းမှာလူတိုင်းသည် သူတို့ဟောပြောသည့်စကား၌ အခွင့်အာဏာရှိကြောင်း သူတို့၏အတွေးအခေါ်သည် အခွင့်အာဏာရှိကြောင်း ပြောဆိုလိုသောဆန္ဒမရှိကြသောကြောင့်ဖြစ်ပါသည်။ သူတို့ရေးသားတင်ပြချက်များအတွက် လူတွေများက ချီးမွမ်းဂုဏ်ပြုလာခြင်းသာဆန္ဒစောခဲ့တတ်ကြပါသည်။ ဤသို့ဆိုလျှင်ဤထူးခြားလှ သောသဘောထားသည် ကျမ်းစာရေးသားသူများက ယိမ်းယိုင်မှုကင်းမဲ့စွာမည်ကဲ့သို့ ထိန်းသိမ်းနိုင်သနည်း။ တစ်ခုတည်းသောအဖြေမှာ သူတို့ရေးသားသောအကြောင်းအရာ၏နောက်ကွယ်၌ ရေးခိုင်းသူဉာဏ်ကြီးရှင် ရှိသည်မှာသေချာပါသည်။ ထိုဉာဏ်ကြီးရှင်၏ ညွှန်ကြားချက်အရသာရေးသား ကြကြောင်းထင်ရှား၏ မည်သည့်ပုဂ္ဂိုလ်ကမျှ ဤကဲ့သို့သော သဘာဝလွန်အဖြစ်အပျက်နှင့်အကြောင်း အရာများတင်ပြခြင်းမရှိသည်မှာ ရာစုနှစ်ပေါင်းကြာညောင်း လာခဲ့ပါသည်။

## လူ့သဘာဝ (Human nature)

သမ္မာကျမ်းစာ ကလူ့သဘာဝအကြောင်းကိုအစမှအဆုံး ရှုထောင့်တစ်ခု တည်းကသာတင်ပြခြင်းရှိကြောင်း တွေ့ရှိရပါသည်။ လူသည်သေမျိုး ဖြစ်ရုံသာမက စိတ်ဓါတ်ရေးရာမှာလည်း အားနည်းသူဖြစ်သည်။ လူသည်ကျိုးကြောင်း တွေးဆ ဆင်ခြင်နိုင်သော အသိဉာဏ်ပိုင်ရှင်၊ အဆိုးအကောင်းပိုင်းခြားတတ်ခြင်း အလိုဆန္ဒ ကြီးရှိခြင်းစသည်များ၊ မွေးရာပါရသူဖြစ်ကြသည်။ ထိုပြင် လူသားသည် သူ့ဝမ်းသာ ပျော်ရွှင်မှုကိုသာ ကြိုးစားအားထုတ်သူဖြစ်၍ဖိနှိပ်မှုများလည်းရရှိမည်။ စိတ်လိုက် မာန်ပါလုပ်တတ်သူ၊ အားကျဝန်တိုတတ်သူ၊ မိမိဂုဏ်သာဖော်ကြွားတတ်သူ ဖြစ် လာခဲ့သည်။ သူလုပ်သင့်လုပ်ထိုက်သောအရာကို (အကောင်းကို) သိသည်။ သို့ပေ မဲ့ မလုပ်ဘဲနေတတ်သည်။ ကျမ်းစာအဆိုအရဆိုလျှင် ဘုရားရှင်အလိုတော်ကို လူသားများကသိရှိနေကြသော်လည်းသူတို့၏အလိုဆန္ဒအတိုင်းပို၍လုပ်ချင်နေကြ၏။

ဤလူသားများအပေါ် သမ္မာကျမ်းစာ၏သက်သေခံဖော်ပြချက်သည် တညီတညွတ်တည်းရှိပြီး ထင်ရှားစွာမြင်ရပါသည်။ ကမ္ဘာ့ရေလွှမ်းမှုမဖြစ်ပွားခင် ဤကမ္ဘာ၌ နေထိုင်ခဲ့သောလူသားများသည် လိမ်လည်လှည့်ဖျားမှု၊ အကြမ်းဖက်မှု၊ မတရားပြုကျင့်မှုစသည့်ပြစ်မှုကြီး ကျူးလွန်ကြခြင်းကြောင့် ဘုရားရှင်၏တရား စီရင်ခြင်းကို ခံခဲ့ကြရကုန်၏။ "လူတို့သည် ငယ်သောအရွယ်မှစ၍ စိတ်နှလုံး အကြံ အစည်ဆိုးကြ၏" (က ၆း၅၊ ၈း၂၁)။ တနည်းအားဖြင့်ဆိုလျှင် မွေးကတည်း ကပင်ပါ လာသည်။ ပရောဖက်ယေရမိက "စိတ်နှလုံးသည် ခပ်သိမ်းသောအရာ ထက်စဉ်းလဲ တတ်၏။ အလွန်ယိုယွင်းသောသဘောရှိ၏" ဟုဆိုခဲ့ပါပြီ (ယေ-၁၇း၉RV)။ ပြီးမှ ဆက်လက်၍ "အို ထာဝရဘုရားလူသားသည်မိမိသွားရာလမ်းကိုအစိုးမရ၊ သွားစဉ် အခါ မိမိခြေရာတို့ကို မစီရင်တတ်သည်ကို အကျွန်ုပ်သိပါ၏" (ယေ-၁၀း၂၃)။ အဓိပ္ပါယ်မှာ၊လူသားသည်သူ့အတွက်ကောင်းဆုံးသောအရာကိုမသိ၊အကောင်းဆုံး လမ်းကိုမသိ။ ထို့ကြောင့်ထာဝရဘုရား၏လမ်းပြမှုလိုအပ်လှသည်ဟူ၍ဖြစ်ပါသည်။



ထုတ်ခဲ့ကြပြီး ဖြစ်ပါသည်။ သို့မှသာ ကမ္ဘာကြီး ငြိမ်းချမ်းနိုင်သည်။ အထောက် အထားများကိုလည်း တွေ့မြင်ခဲ့ကြပါသည်။ ကမ္ဘာ့နိုင်ငံ အင်ပိုင်ယာကြီးများ၏ လမ်းကြောင်းနှင့်ပတ်သက်၍ ဒံယေလက "အင်ပိုင်ယာကြီးများ တစ်ခုပြီးတစ်ခု ပျက်စီးရမည့်အကြောင်းနှင့် တစ်ခုသော အုပ်ချုပ်မှုစနစ်နှင့်အတူ တစ်ဦးတည်းသော အုပ်ချုပ်သူ၏ အုပ်ချုပ်ခြင်းကို တည်ထောင်သွားမည်" ဟု ဟောကိန်းထုတ်သွားခဲ့ပါ သည်။

"အကြောင်းအရာမှာ ပျက်စီးခြင်းသို့မရောက်နိုင်သော နိုင်ငံတစ်ခုကို ထိုမင်းကြီးများ လက်ထက်၌ ကောင်းကင်ဘုံရှင်ဘုရားသခင်သည် တည်ထောင်စေတော်မူမည်" (ဒံ ၂း၄၄)။

## တကမ္ဘာကိုအုပ်ချုပ်သူ (One world ruler)

ခရစ်တော်မပေါ်ခင်နှစ်ပေါင်း ၆၀၀ ၌ဖြစ်ခဲ့ပါသည်။ ထိုမှ (၁)ရာစုနှစ်ကျော် လောက်မှာ ဟေရှာယက ကမ္ဘာ့အုပ်ချုပ်ခြင်း အခွင့်အာဏာကို ယေရုရှလင်မြို့ မှာတည်ထောင်ရမည့်အကြောင်းနှင့် နိုင်ငံတိုင်းက ယေရုရှလင်မြို့သို့သွားရောက် ကြကာ ထာဝရဘုရား၏ တရားဥပဒေကို ခံယူကြရမည့်အကြောင်းကို ကြိုတင် ဟော စကားရေးသားခဲ့ပါသည်။ ကမ္ဘာကြီးတစ်ခုလုံးငြိမ်းချမ်းရမည်။ တစ်ပြည်ကို တစ်ပြည် စစ်မတိုက်၊ စစ်အတတ်ကိုလည်း နောက်တစ်ဖန်မသင်ရကြ (ဟေရှာ ၂း၂-၄)။ ဓမ္မသစ်ကျမ်း၏ အဓိကအကြောင်းရပ်ကြီးတစ်ခုမှာ "ဘေးဆိုးကပ်ဆိုးကြီး ကာလအတွင်း ယေရှုခရစ်တော်သည် ကောင်းကင်ဘုံမှ ဤကမ္ဘာမြေသို့ပြန်လည် ကြွဆင်းလာပြီး ဘုရားရှင်အုပ်ချုပ်သော နိုင်ငံတော်ကို တကမ္ဘာလုံး၌ တည်ထောင် သွားလိမ့်မည်" ဟူ၍ဖြစ်ပါသည်။ ဤကဲ့သို့သော ခရစ်တော်အုပ်ချုပ်သည့် ကမ္ဘာကြီး ဖြစ်သွားရခြင်းသည် ညှိနိုင်း၍ မရသောကမ္ဘာ့နိုင်ငံကြီးများ၏ အလို အပ်ဆုံးသောအရာဖြစ်နေပါသည်။ အကြောင်းမှာ ဘာသာရေးကိုင်းရှိုင်းသော ပျော့ညံ့သည့် အုပ်ချုပ်မှုမဟုတ်ဘဲ နိုင်ငံတိုင်းကြုံတွေ့ နေရသော ဆိုးသွမ်းမိုက်မဲ

မရှိ၊ ကောင်းစားမှုမရှိခြင်း၏ အထွဋ်အထိပ်သို့ ရောက်လာမည်ကို မည်သို့ကြိုတင်သိနိုင်ကြသနည်း။ အဖြေမှာသူတို့သည် လူသားများပင်ဖြစ်ကြ၍ သိရှိနိုင်ခြင်းမရှိကြပါ။ သိပြီးသူ တစုံတစ်ယောက်ရှိသည်မှာမှုသေချာပါသည်။ သူတို့ရေးသားချက်ကိုညွှန်ကြားသူ လူသားများထက်သာလွန်သည့် ဉာဏ်ကြီးရှင်ရှိကြောင်းသေချာပါသည်။ ထိုသူသည် ထာဝရဘုရားသာလျှင်ဖြစ်တော်မူပါသည်။

## <u>အထွဋ်အထိပ်ရောက်ချိန်</u> (The climax)

ကမ္ဘာ့နိုင်ငံအားလုံးအတွက် ကမ္ဘာ့အစိုးရတစ်ခုတည်းသာရှိရန် လိုအပ်သည်ဟူသော ပြောဆိုမှုသည် နောက်ဆုံးရာစု၏ တစ်ဝက်လောက်၌ သာဖြစ်ပေါ်ခဲ့သည်။ ဘာထရန်ရာဆယ်လ်ဆိုသူ အတွေးအခေါ်ပညာရှင်ကြီးက "ဒုတိယကမ္ဘာစစ်ပြီးဆုံးပြီးနောက် မကြာခင်တွင် ရေဒီယိုအသံလွှင့်ရုံမှ နှစ်ပေါင်း(၅၀)အတွင်း၌ ကမ္ဘာ့နိုင်ငံများကို တစ်ဦးတည်းသောကမ္ဘာအုပ်ချုပ်နိုင် အားဖော်ထုတ်ရန်လိုအပ်လာပြီး ဖြစ်ကြောင်း" ဆုံးဖြတ်ခွင့်ချမှတ်နိုင်သော အခွင့်အာဏာပါအပ်နှင်းခြင်းလည်းရှိရန် လိုအပ်နေပြီဟုကြေညာခဲ့ပါသည်။ ထိုအုပ်ချုပ်ရေးစနစ် မအောင်မြင် ပါက လူ့ယဉ်ကျေးမှုလည်းပျက်သုန်း ပျောက်ကွယ် လိမ့်မည်။ ယင်းအုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်ရန် ကုလသမဂ္ဂအဖွဲ့ကို တည်ထောင်ရန် အားရှိပါးရှိဆောင်ရွက်လာခဲ့ကြပါသည်။ အသေးအဖွဲ့ကိစ္စရပ်များကို ဆုံးဖြတ်ရာ၌မှုအောင်မြင်ခဲ့သော်လည်း နိုင်ငံကြီးများအတွက်မှု အောင်မြင်မှုမရှိဖြစ်နေပါသည်။ ဤတစ်ခုတည်းသောအစိုးရက တကမ္ဘာလုံးကို အုပ်ချုပ်ခြင်းသည် ခေတ်ပေါ်တိုးတက်မှု တစ်ရပ်ပင်ဖြစ်ရာ အာဏာပြိုင်ဆိုင်မှု လက်နက်ပြိုင်ဆိုင်မှုများကြောင့်ဖြစ်ပေါ်လာရသည်။ သို့သော်လည်းလူနည်းစု ကျူးလွန်နေသော အကြမ်းဖက်မှုကိုကား အောင်နိုင်ခြင်းမရှိသည်ကို တွေ့ရပါ သည်။ အမှန် ဆိုလျှင် ကျမ်းစာရေးသားသူများကလည်း လူ့သမိုင်းနောက်ဆုံးခေတ် ကာလမှာတစ်ခုတည်းသောအစိုးရတည်ထောင်ရမည့်အကြောင်းကို အစကတည်းကပင်ကြိုတင်ဟောကိန်း



မာကုခရစ်ဝင်ကျမ်းထဲရှိ ယေရှုခရစ်တော်၏အဆိုအမိန့်သည် အမှန်ကန်ဆုံးဖြစ်နေပါသည်။ ဂျူးဘာသာရေးခေါင်းဆောင်များက ယေရှု၏တပည့်များသည် လက်မဆေးထမင်းစားတတ်ကြပြီး၊ မဆေးကြောသောအိုးထဲကထမင်းကိုစားနေကြသည်- ဟူ၍ဝေဖန်ကြ၏။ ထိုအခါ ယေရှုခရစ်ထော်က-လူစိတ်ထဲဝင်သွားသောအရာသည်သာ၊ စစ်မှန်သောညစ်ပတ်မှုဖြစ်ကြောင်း-ချေပဖြေကြားတော်မူခဲ့ပါသည်။ ပြီးမှ-။ "လူအတွင်းနှလုံးသားထဲက မကောင်းသောကြံစည်ခြင်း၊ သူ့မယားကိုပြစ်မှားခြင်း၊ မိန်းမလွတ်နှင့် မှားယွင်းခြင်း၊ လူ့အသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း၊ လောဘလွန်ကျူးခြင်း၊ မနာလိုခြင်း၊ လှည့်စားခြင်း၊ ညစ်ညူးခြင်း၊ ပြုစုခြင်း၊ သူ့အသရေကိုဖျက်ခြင်း၊ ထောင်လွှားစော်ကားခြင်း၊ လျှပ်ပေါ်ခြင်း၊ ဤဆိုးညစ်သောအရာတို့သည် အတွင်းမှထွက်လာ၍ လူကိုညစ်ညူးစေကြသည်" ဟု မိန့်တော်မူ၏ (မာ ၇း၂၀-၂၃ အရ)။

အထက်ပါလူ့သဘာဝ အားနည်းချက်သည် လူတွေအားလုံးနှင့်ဆိုင်ပြီး မှန်ကန်သော အရာဖြစ်ပါသည်။ယင်းအားနည်းချက်သည် ပြိုင်ဘက်မရှိ၊ကမ္ဘာပေါ်မှာလည်းမရှိ၊အရေးအသားမှာလည်းမရှိ၊ ဟောပြောသင်ပြမှုလည်းမရှိခဲ့ဘူးပါ။ တစ်ခုတည်းသာဖြစ်ပါသည်။ တရားစီရင်ခြင်းနှင့်ပတ်သက် လာလျှင်၊ ကြိုက်နှစ်သက်ကြမည်မဟုတ်ပါ။ သို့သော် မောရှေခေတ်မှ ရှင်ယောဟန် ခေတ်ဖြစ်သောနှစ်ပေါင်း (၁၅၀၀)အတွင်းရေးသားခဲ့ကြသော သမ္မာကျမ်းစာထဲ၌သာရှိပါသည်။ မည်သို့ဖြစ်ပျက်နိုင်သနည်း။ လူသားများအား ထိုအကြောင်း အရာများလျှင်လည်း၊ ရေးနိုင်ကြမည်မဟုတ်။ ထို့ကြောင့်၊ ဉာဏ်ကြီးရှင်တပါး-နောက်ကွယ်မှ ညွှန်ကြားသူရှိသည် မှာသေချာလှပါသည်။

## <u>အစ္စရေးလူမျိုးတို့၏အဖြစ်အပျက်</u>။ (The phenomenon of Israel)

အခြားလူမျိုးတိုင်းပြည်အရေး၌မတွေ့ရမကြုံရသေးသော ထူးခြားသည့်အဖြစ်အပျက်များကိုအစ္စရေးလ်လူမျိုးတို့၌မြင်တွေ့ရသည်။ သူတို့ဆင်းသက်ရာ

ဇာစ်မြစ် ကိုဖေါ်ပြနိုင်ကြပြီး၊ သူတို့သည်ဟေဗြဲလူမျိုး အာဗြဟံ၏သားစဉ်မြေးဆက်ပါလူမျိုးတို့ဖြစ်ကြောင်း၊နောက်ကြောင်းပြန်လိုက်နိုင်ကြ၏။ အာဗြဟံသည်၊ လွန်ခဲ့သောဘီ-စီနှစ် (၁၈၀၀)လောက်ကအသက်ထင်ရှားရှိခဲ့သူလူသားဖြစ်ပါသည်။ ထိုမှတဆင့်ကြီးကျယ်သော အဖြစ်အပျက်များပြန်လည်တင်ပြခြင်း၊ ပါဝင်ခဲ့ကြသောလူသားပုဂ္ဂိုလ်နှင့်နေရာများကိုဖေါ်ပြခြင်း၊ နှစ်ပေါင်းဘီ-စီ(၄၀၀)ကာလထိတိုင်အောင် လူမျိုးတိုင်းပြည်တစ်ခုအဖြစ်ဖြတ်သန်းလာခဲ့ကြရာ သူတို့လူမျိုး၏အောင်ပွဲခံခဲ့ပုံနှင့်ဘေးအန္တရာယ်များအကြောင်းကို ရာဇဝင်သမိုင်းကြီးအဖြစ်အသေးစိပ်ရေးသားတင်ပြနိုင်ခဲ့ကြ၏။

ပထမအနေဖြင့်၊ ဘီ-စီ-၁၄၀၀တုန်းက၊ ခါနာန်ပြည်၌လူမျိုးကြီး တစ်မျိုးဖြစ်သွားခဲ့ပုံသည် အလွန်ဆန်းကျယ်လှပါသည်။ အီဂျစ်ပြည်မှ ထွက်ခွာလာကြတုန်းကအင်အားအတော်အသင့်ရှိကြပြီး မကြာခင်အစ္စရေးလ်လူမျိုး (၁၂) မျိုးအဖြစ်ထင်ရှားကြကာ၊ ဘုရားတစ်ဆူသာရှိကြောင်း ယုံကြည်ခြင်းတရားအပေါ် စည်းလုံးညီညွတ်ကြကာ၊ ပညတ်တရားတော် (၁) ပါးအောက်၌၊ (ယခုအခါ မောရှေ၏ပညတ်တော်)နေထိုင်ခဲ့ကြ၏။ ထိုတရားတော်သည် အထူးတင်းကျပ်မှုရှိပြီး၊ သူတို့အားအုပ်ချုပ်သူဖြစ်ခဲ့ပါသည်။ ဘာသာရေးဆိုင်ရာကိုးကွယ်မှုတွင် ပညတ်တရားတော်များ၏ချယ်လှယ်မှုကိုခံခဲ့ကြ၏။ အပတ်စဉ် ဥပုဒ်နေနှင့် ပွဲလမ်းအခမ်းအနားများရှိလာခဲ့ကြ၏။ ပသခါပွဲတော်အပါအဝင်ပွဲတော်(၃)ပါးရှိကြပြီး၊ ဘုရားကျောင်းတော်ကြီးသည် ဘုန်းတော်ကြီးဆိုင်ရာလုပ် ထုံးလုပ်နည်းများရှိခဲ့ကြပါသည်။ ပညတ်တော်ဆယ်ပါးသည် သူတို့လိုက်နာရမည့် တရားဥပဒေအချုပ်ဖြစ်ပြီး၊ အခြားဥပဒေများရှိခဲ့သေးရာ ထိုဥပဒေကျူးလွန်သူများ သည်သေဒဏ်အထိ အပြစ်ချမှတ်ခြင်းစံနစ်ကျင့်သုံးလာခဲ့ကြ၏။စားသင့်သောအစာနှင့် သန့်ရှင်းခြင်း မသန့်ရှင်းနှင့်ဆိုင်သောပစ္စည်းများရှိသေးသည်။ တားမြစ်သောအစာ ယောက်ျား-ဟူသမျှအရေပြားလှီးခြင်းမင်္ဂလာပြုလုပ်ကြပြီး၊ သူတို့ဘာသာရေးလုပ်ထုံးလုပ်နည်း ဖြစ်လာခဲ့၏



လိမ့်မည်။ ထိုကာလအခါ မြေမှုန့်၌ အိပ်ပျော်သူများတို့သည် နိုးကြလိမ့်မည်။ အချို့တို့ကား ထာဝရအသက်ရှင်ခြင်းနှင့်ငှင်း၊ အချို့တို့ကား ရှက်ကြောက်ခြင်း၊ ထာဝရအသရေပျက်ခြင်းနှင့်ငှင်း နိုးကြလို့မ်မည်” (ဒံ ၁၂း၁-၂) ထဲ၌ပါရှိ၏။ ရှင်ပေါလုကလည်း “နောက်ဆုံးကာလ” ၌ ပျက်စီးချိန်ရောက်လိမ့်မည်ကို ကြိုဟောခဲ့ပါသည်။ ဆက်လက်၍ နောင်ကာလ၌ လူတို့သည် ကိုယ့်ကိုယ်ကိုချစ်တတ်သောသူ၊ ငွေကိုတပ်မက်သောသူ၊ ဝါကြွားသောသူ၊ ထောင်လွှားစော်ကားသောသူ၊ သူ့အသရေကို ရှုတ်ချသောသူ၊ မိဘစကားကို နားမထောင်သောသူ၊ ကျေးဇူးမရှိသောသူ၊ သန့်ရှင်းခြင်းမရှိ သောသူ၊ ပကတိကြင်နာစုံမက်ခြင်းနှင့် ကင်းသောသူ၊ ရန်ငြိုးဖွဲ့သောသူ၊ ချော့စားတတ်သောသူ၊ ကိုယ်အိန္ဒြေကို မချုပ်တည်းနိုင်သောသူ၊ ပြင်းထန်သောသူ၊ သူတော်ကောင်းကို မုန်းသောသူ၊ သစ္စာကိုဖျက်တတ်သောသူ။ သတိပေးခြင်းကို မခံရသောသူ၊ မာန်မာနနှင့် ယစ်မူးသောသူ၊ ဘုရားသခင်ကိုနှစ်သက်သည်ထက် ကာမဂုဏ်ခံစားခြင်းကိုသာ၍ နှစ်သက်သောသူ၊ ဘုရားဝတ်၌မွေ့လျော်ယောင် ဆောင်၍ မွေ့လျော်ခြင်းတန်ခိုးကို ငြင်းပယ်သောသူဖြစ်ကြလိမ့်မည်။ ထိုသူတို့ကိုရှောင်လော့” (၂တိ ၃း၁-၅ Rv)။ ရုပ်ပစ္စည်းကိုခင်တွယ်မက်မောခြင်း၊ ဘုရားတရားမသိသူများ ပုံစံနေထိုင်ခြင်း နှင့် စည်းကမ်းမဲ့ကျင့်ကြံလုပ်ကိုင်ခြင်းများသည် ယခုကာလမျက်မြင် ကိုယ်တွေ့ဖြစ်နေပါသည်။ တိကျပြတ်သားစွာဖြင့် ယေရှုခရစ်တော်က အတိအကျဟောကိန်းထုတ်ခဲ့သသည်မှာ ယေရုရှလင်မြို့ကြီး တပါးအမျိုးသားတို့ အုပ်ချုပ်ချိန် ကုန်ဆုံးချိန်တွင် “မြေကြီးပေါ်မှာလည်း လူအမျိုးမျိုး စိုးရိမ်ကြောင့်ကြခြင်း . . . ဖြစ်လတံ့သော ဘေးများကိုမျှော်၍ ကြောက်လန့်သဖြင့် လူများတို့၏ အသက်ဆုံးရှုံးခြင်းအမူအရာ တို့သည်ဖြစ်ကြလိမ့်မည်” (လု ၂၁း၂၅-၂၆ RV)။

အထက်ပါရေးသားချက်သည် ကာလနှစ်ပေါင်း (၂၀၀၀)ကျော်ကြာမြင့်လာခဲ့ပါသည်။ ကျမ်းစာရေးသူများက လူသားများ၏အလုပ် (ဘ၀)သည် ငြိမ်းချမ်းမှု

ဦးနှောက်ကောင်းသော နိုင်ငံများ၌ ဘာသာရေးကို ကျောခိုင်းကြရင်း အကျင့်ပျက်စီးမှုကိုလည်း ပြုပြင်မရဖြစ်နေကြသည်။ လင်မယားကွာရှင်းနှုန်းမြင့်မားလာပြီး ရာဇဝတ်မှု မျိုးစုံကျူးလွန်ခြင်း၌ တိုးတက်လာကြသည်။ ကိုယ်ခံဓါတ်ကျဆင်းရောဂါအသစ် ပေါ်လာပြီး အာဖရိကတိုက်တခွင် မွှေနှောက်ခဲ့သည့်ပြင် အခြားနိုင်ငံများနှင့် အနောက်နိုင်ငံများ သို့ပါနယ်ချဲ့လာကြသည်။ ငတ်မွတ်ခေါင်းပါးခြင်းသည် ရာသီဥတုကြောင့် မိုးခေါင်မှုကြောင့်ဟုဆိုရသော်လည်း စစ်ပွဲကြီးငယ်များကြောင့်လည်းဖြစ်နေကြောင်း ငြင်းဆို၍မရပါ။ တိုင်းပြည်ငယ်လေးများကလည်း အခွင့်အရေး တောင်းဆိုလာကြကာ၊ လက်နက် စွဲကိုင်ကာ ပုန်ကန်တော်လှန်လာကြသည်။ အတိုချုံးရလျှင်၊ တိုင်းပြည်အားလုံးသည်၊ အကျင့်စိတ်ဓါတ်ပျက်စီး ယိုယွင်းလာကြပြီး၊ နိုင်ငံရေးနှင့် စီးပွားရေး၌လည်း အိပ်မက်ပင်မမက်ဖူးသည့် အခြေအနေဆိုးသို့ ရောက်ရှိနေပါသည်။ အထက်ပါအဖြစ် အပျက်များသည် တိုးတက်လှပါသည်ဟု ထင်နေရသော (၂၁)ရာစုနှစ်များထဲ၌ ဖြစ်ပေါ်နေကြပြီး ကမ္ဘာတဝှမ်းပြည့်နှက် နေပါ သည်။ သို့ဖြစ်၍ တိုးတက်နေသည်ဟုဆိုသော ပြောဆိုမှုသည်လည်းအခိုးအငွေ့ ဖြစ်သွားကြကုန်ပြီး အစားထိုးသည့်အရာ မရှိကြောင်းမြင်တွေ့နေရပါသည်။

## လူသားအပေါ် ကျမ်းစာ၏အမြင် (The Bible view of Mankind)

ကျမ်းစာကမူ ဤကဲ့သို့တိုးတက်မှုအပေါ် အကောင်းမြင်ဝါဒမျိုးမရှိခဲ့ဘူးချေ။ လူ့ဘဝယဉ်ကျေးမှုဖြစ်ပေါ်ခြင်းအပေါ် ကျမ်းစာ၏အမြင်သည် တဖြည်းဖြည်းဖြစ်ပေါ်ခြင်းမျိုးမဟုတ်ကြောင်းပြောဆိုလာခဲ့သူများ ရှိကြပါသည်။ လူသားတို့၏ လုပ်ကိုင် တိုးတက်မှုသည် အကြီးအကျယ်ကြပ်တည်းမှုကြောင့် အဆုံးသတ်သွားမည်ဖြစ်ပြီး အပြောင်းအလဲသည်လည်း ရှိလာတော့မည်ဟု ဆိုကြသည်။

ဓမ္မဟောင်းကျမ်းကြည့်လျှင် အထက်ပါအတိုင်းမှန်ကြောင်း အထောက်အထားရှိသည်ကို တွေ့နိုင်ပါသည်။ "မဖြစ်စဖူးသော ဆင်းရဲဒုက္ခ ကပ်ကာလရောက်



ယနေ့တိုင်ဖြစ်ပါသည်။

ထိုဥပဒေပညတ်ချက်များသည် လိုက်နာကျင့်သုံးရန် လွယ်ကူသော အရာများ မဟုတ်ပါ။ လေးလန်သောဝန်ပိမှုရှိသည်။ ကိုယ်ကျိုးနှင့် ကိုယ်ပိုင်ပစ္စည်းများလှူဒါန်းရန်တောင်းဆိုမှုများရှိသည်။ သူတို့၏ထာဝရဘုရားကို ကြည်ညိုလေးစားသောအပြုအမူနှင့်အတူ ရှိခိုးကန်တော့ရခြင်း-စသည်များပါရှိ၏။ သူတို့ကိုယ်တိုင်ပြဋ္ဌာန်းထားသောဥပဒေမဟုတ်ပါ။ ဘုရားရှင်၏ လူမျိုးဖြစ်ကြသောကြောင့်မဖြစ်မနေလိုက်နာရန်လိုအပ်သော ဥပဒေများဖြစ်ကြ၏။ ဘာသာရေးတစ်မျိုးတည်းရှိပြီး၊ နိုင်ငံ့အရေးနှင့် ကိုယ့်အရေးအတွက် ချမှတ်ထားသော ဥပဒေလိုက်နာရန်မှာ လူပေါင်းများစွာဖြင့် ဖွဲ့စည်းထားသောအဖွဲ့အစည်းများအတွက်လွယ်ကူသော အရာမဟုတ်ပါ။ သို့သော်(၁၂) ပါးမျိုးနွယ်ဝင်အစ္စရေးလူမျိုးတို့သည် ဘာသာရေးတစ်မျိုး၊ ဥပဒေပြဋ္ဌာန်းချက်တစ်ခု၊ စသည့်လိုက်နာကျင့်သုံးခြင်းကို၊ မည်သို့ပြုလုပ်လာနိုင်ခဲ့သနည်း။

ကျမ်းစာအရ၊ အစ္စရေးလ်လူမျိုးတို့သည် အီဂျစ်ပြည်၌ ကျွန်ဘဝဖြင့်နေထိုင်ကြစဉ်၊ ထာဝရဘုရားကခေါ်ထုတ်ခြင်းခံရသော လူမျိုးဖြစ်ကြ၏။ နိုင်ငံရေးသမား၊ ဘာသာရေးသမားတစ်ယောက်၏စည်းရုံးလုပ်ဆောင်ခြင်းကြောင့် လွတ်မြောက်သွားခြင်းမဟုတ်ပါ။ ၎င်းတို့ကိုကျွန်ပြုစေနိုင်သူ ဖာရောဘုရင်ကြီးက ထွက်ခွာခွင့်မပြုသောအခါ ထာဝရဘုရားကိုယ်တိုင်ကပင် ကပ်ကြီးဘေးကြီး(၁၀)မျိုးဖြင့် ရှင်ဘုရင်အားသတိပေးဆုံးမတော်မူခဲ့ပါသည်။ ထွက်ခွာခဲ့ကြသော အစ္စရေးလ်တို့နောက်သို့လိုက်လာသူ ဖာရောဘုရင်၏လက်ရွေးစင်တပ်ဖွဲ့လည်းရေပြင်ထဲနစ်မြုပ်ကုန်ကြ၏။ ဤသို့ဖြင့်၊ ထာဝရဘုရားကိုယ်တော်သာလျှင် တစ်ဆူတည်းသောဘုရား ဖြစ်တော်မူကြောင်း ကမ္ဘာသိတန်ခိုးစွမ်းအားတော် ပြသတော်မူခဲ့ပါသည်။ လူတို့ကြံဆယုံကြည်သော အခေါ်ခံဘုရားနှင့်ထိုဘုရားအား မှားယွင်းစွာကိုးကွယ်သူများကို ပညာပြတော်မူခဲ့ပါသည်။ ပြီးမှအစ္စရေးလ်လူမျိုးတို့သည်

ထာဝရဘုရားက ရွေးကောက်တော်မူသော လူမျိုးဖြစ်ကြောင်း အတည်ပြုတော်မူခဲ့သည်။

ထွက်မြောက်ရာကျမ်းအရ၊ ထိုကဲ့သို့ ကျွန်ဘဝမှ ကယ်ထုတ်သူထာဝရဘုရား၏ တရားဥပဒေများကို အစ္စရေးလ်တို့အားလုံးကတညီတညွတ်တည်း လိုက်နာခြင်းပြုကြသည်မှာ နားလည်နိုင်ပါပြီ။ ကန္တာရလွင်ပြင်လှည့်လည်ခဲ့ချိန်မှစပြီး၊ ခါနာန်ပြည်သိမ်းပိုက်ဝင်ရောက်နေထိုင်သည့်တိုင်အောင် အစ္စရေးလ်းတို့သည် ထာဝရဘု ရား၏ပညတ်တော်အမိန့်များကို တညီတညွတ်တည်း လိုက်နာလာခဲ့ကြသည်မှာ ယနေ့တိုင်အောင်ဖြစ်နေပါသည်။ ထို့ကြောင့်ထာဝရဘုရားရှင်၏ အနန္တတန်ခိုးတော် အားဖြင့်လွတ်လပ်ရေးရရှိသောလူမျိုးဖြစ်ကြောင်းသိနားလည်ရန် ပထမဦးဆုံးအရေးကြီးလှပါသည်။ ပြီးမှနောက်ဆက်တွဲရှင်းပြမှုလည်း သဘောပေါက်သွားနိုင်၏။

## ဘုရားရှင်အားနာခံမှုမရှိသောလူမျိုး (A disobedient people)

နှစ်ပေါင်း(၁၄၀၀)ကာလမှတ်တမ်းအရ အစ္စရေးလ်တို့သည်တမူထူးခြားစွာ တည်ရှိနေထိုင်သူများဖြစ်ကြောင်း သိရှိနိုင်ပါသည်။ အသေးစိတ်ကိုဓမ္မဟောင်းကျမ်းထဲ၌ အခြားတိုင်းတပါးလူမျိုးတို့၏ အကြောင်းနှင့်အတူဖတ်ရှုနိုင်သည်။ သူတို့ အမှန်တကယ် ဤကဲ့သို့သောသမိုင်းရာဇဝင်နှင့် တည်ရှိလာခဲ့ပုံကိုဘီစီ (၁၈၀၀-၄၀၀) ကာလအထိ ကျမ်းစာအုပ်ထဲ၌ပါရှိပါသည်။ မည်သည့်လူမျိုးနှင့် နိုင်ငံမျှ ထိုကဲ့သို့စနစ်တကျမှတ်တမ်းမရှိကြပါ။ အကြောင်းမှာ ရာဇဝင်သမိုင်းတွင်သော အကြောင်းအရာများကို၊ တရားသူကြီးများခေတ်၊ ရှမွေလခေတ်၊ ဘုရင်များခေတ်၊ ရာဇဝင်စာအုပ်များ ဧဇရနှင့် နေဟမိ စသည့်ပရောဖတ်ကြီးများ၏ စာအုပ်ထဲ၌ အတိအကျမှတ်တမ်းတင်ထားခြင်း ရှိပါသည်။ ကမ္ဘာ့သမိုင်းပညာရှင်များထက် စေ့စပ်သေချာစွာ မှတ်တမ်းတင်နိုင်ခဲ့ကြသည်။ ဘုရားရှင်အား ပုန်ကန်ကာသူ့တရားဥပဒေများ ကျူးလွန် ဖောက်ဖျက်သောအခါ တရားစီရင်ခြင်းခံရပုံများ



အကောင်းမြင်ဝါဒ အထွန်းကားဆုံး ခေတ်ဖြစ်ခဲ့ပါသည်။ လူ့အဖွဲ့အစည်းအချို့အတွက်ဆိုလျှင် သိပ္ပံပညာတိုးတက် တီထွင်မှုက ကုန်ပစ္စည်းအကြီးအကျယ်ထုတ်လုပ်မှု စွမ်းဆောင်လာခဲ့ပြီး ဓနဥစ္စာ ကြွယ်ဝမှုဖြစ်ပေါ်စေခဲ့သည်။ အိမ်ယာနှင့်ကျန်းမာရေးကဏ္ဍကိုင်တွယ်သော ပါလီမန်အောက်ဥပဒေများက လူမှုရေး အဆင့်အတန်းကို ဖွံ့ဖြိုးစေနိုင်ခဲ့ပါသည်။ ပညာရေးစနစ်သည် အားလုံးအတွက် တဖြည်းဖြည်း တိုးချဲ့လာခဲ့ကြပြီး၊ လူမှုအဖွဲ့အစည်းထဲ၌ စိတ်ဓါတ်အကျင့်ဆိုင်ရာ ပိုမိုမြှင့်တင်နိုင်မည်ဟု မျှော်လင့်လာခဲ့ကြသည်။ လူများကောင်း လာပါက ရာဇဝတ်မှုလည်းပပျောက်မည်ဟု ယူဆလာကြသည်။ ပညာရေး၌ဂရုစိုက်ပါက စာပေကို စိတ်ဝင်စားလာကြပြီး မြူးဇစ် (ခေါ်) ဂီတအတီးအမှုတ်နှင့် အနုပညာကို နှစ်သက်လာကြမည်ဟု ယူဆနေကြသည်။ တိုးတက်မှုဆိုသော စကားသည် စောင့်ကြည့်မှုဆိုင်ရာ စကားအသုံးအနှုန်းဖြစ်ပြီး လူမျိုးနွယ်သည်လည်း ကာလအသစ်ဆီသို့ချီတက်လာခဲ့ပါသည်။

သို့သော် (၂၀)ရာစုနှစ်၌လည်း သွေးလန့်စရာများဖြစ်ခဲ့သည်။ စစ်ပွဲကြီး(၂)ကြိမ်ကြောင့် လူသန်းပေါင်းများစွာ သေကြေ၊ အနာတရဖြစ်ခဲ့ကြပြီး အိုးအိမ်မဲ့ဖြစ်ခဲ့ကြသည်။ မတွက်ဆနိုင်သော ဆင်းရဲခြင်းနှင့် ရောဂါကျရောက်ခြင်းရှိလာခဲ့သည်။ ထိုသို့သော သဘာဝဘေးဒဏ်ကာကွယ်ရေးစနစ်လည်း မအောင်မြင်ခဲ့ပါ။ မူဆိုလီနီ (၁၉၂၀)နှင့် ဟစ်တလာ (၁၉၃၀)တွေကြောင့် ကမ္ဘာ့နိုင်ငံအဖွဲ့ချုပ် ကြီးပျက်စီးခဲ့ရသည်။ ကုလသမ္မဂ္ဂအဖွဲ့ကြီးကလည်း လူ့အခက်အခဲများကို မည်မည်ရရ မဖြေရှင်းနိုင်ပါ။ လူဘဝပျက်သုန်းစေနိုင်သော အနုမြူလက်နက် တီထွင်လာကြသည်။ တိုင်းပြည် ဘဏ္ဍာငွေများစွာအသုံးပြုကြပြီး စီးပွားရေးဆုတ်ယုတ်လာကာလူများဒုက္ခဆင်းရဲ ချိုင့်ကြီးထဲခုန်ဆင်းနေကြသည်။ နိုင်ငံများစွာ၌အလုပ်လက်မဲ့များကလည်း မရေမတွက်နိုင်အောင် ရှိနေပါသည်။

ထို့ထက်ဆိုးသည်မှာ လူများအကျင့်ပျက်စီးယိုယွင်းလာမှုပင်ဖြစ်ပါသည်။

နိုင်ငံများ ဆက်လက်ဖြစ်ပေါ်လာသော နိုင်ငံများ ဖြစ်ကြောင်း ငြင်းဆို၍မရနိုင်ပါ။ ဒံယေလအနာဂတ္တိကျမ်းအတိုင်း မှန်ကန်လာပါသည်။ ဒံယေလသည် နောင်ကာလ၌ဖြစ်ပေါ်လာမည့်နိုင်ငံများကိုမည်ကဲ့သို့ ကြိုတင်မြင်သိနိုင်ခဲ့သနည်း။ သိမြင်နိုင်သူ တစ်စုံတစ်ဦးကြောင့်ဖြစ်သည်။ ၎င်းကို ဒံယေလကိုယ်တိုင်က ကောင်းကင်ဘုံရှင် ထာဝရဘုရားမှ ဖေါ်ပြတော်မူခဲ့သည်ဟု ဝန်ခံထားခဲ့ပါသည်။ ဤသို့ဆိုမှ ပညာရှိရာ ကျပါလိမ့်မည်။ ဗာဗုလုန်မင်းကြီး၏ နိဂုံးချုပ်အိပ်မက်အရ၊ သတ္တုပါရုပ်ထုများ ပြိုကွဲပျက်စီးကုန်ကြပြီးနောက်၊ အင်ပိုင်ယာအသစ်ကြီး နောက်ဆုံး၌ ပေါ်ပေါက်လာမည်ကိုလည်း ဒံယေလက အနက်ဖွင့်ဟောပြောခဲ့ပါ သေးသည်။ “လက်နှင့်မထုလုပ်ဘဲကျောက်တစ်လုံးသည် တောင်ပေါ်က အလိုလို ပဲ့ကွာ၍ သံ၊ ကြေးဝါ၊ သရွတ်၊ ငွေ၊ ရွှေတို့ကို ချိုးဖဲ့သည်ကို မြင်တော်မူသည့် အကြောင်းအရာမှာ ပျက်စီးခြင်းသို့ မရောက်နိုင်သော နိုင်ငံတစ်ခုကို ထိုမင်းကြီးများ လက်ထက်၌ ကောင်းကင်ဘုံရှင် ဘုရားသည် တည်ထောင်စေတော်မူမည်”(ဒံ-၂း၄၄)။

ထို့ကြောင့် ယနေ့ကာလပေါ်နိုင်ငံများ၏ အဖြစ်အပျက်များကို အထူးပြုလေ့လာရန်လိုအပ်လှပါသည်။ အကြောင်းမူကား ဤနိုင်ငံငယ်များပြီးလျှင် ဘုရားသခင်၏အုပ်ချုပ်သောနိုင်ငံတော်ကြီးဖြစ်ပေါ်လာမည်မှာသေချာလွန်းသောကြောင့်ဖြစ်ပါသည်။

**<u>လူယဉ်ကျေးမှုလမ်းကြောင်း</u> (The coure of civilisation)**

လူ့ဘဝ၏အရည်အသွေးများမြှင့်တင်ခြင်းကို ကမ္ဘာ့တွေးခေါ်ပညာရှင်များက ပြီးခဲ့သောနှစ်ပေါင်း(၃၀၀)အတွင်းကြံစည်မျှော်ထားခဲ့ကြသည်။ သက်ရှိကောင်ဖြည်းဖြည်းပြောင်းလဲခြင်း အယူအဆကို၊ ယခုအခါလူမှုရေးအယူအဆနှင့် ဘာသာရေးဟူ၍ တဖြည်းဖြည်းပြောင်းလဲသည်ဟူသော အယူအဆတို့နှင့် လက်တွဲ နေကြပါသည်။ ချီတက်နေသောတိုးတက်မှု “The March of Progress” သည်မျှော်လင့်ချက် အကြီးမားဆုံးဖြစ်ခဲ့ပါသည်။ (၁၉)ရာစုနှစ်ခေတ်ကာလသည်



ကိုပါမကျန် မှတ်တမ်း တင်နိုင်ခဲ့ကြပါသည်။ ရှင်ဘုရင်တစ်ပါးက အကြာကြီးအုပ်ချုပ်ကြောင်းရေးသားကြသည့်အပြင် ဘုရားရှင်ရှေ့တော်၌ ရှင်ဘုရင်များအပြစ်ကျူးလွန်ခဲ့ကြပုံနှင့်ကောင်းသောအကျင့် ကျင့်ကြံခဲ့ကြပုံများပါမကျန် မှတ်တမ်းတင်နိုင်ခဲ့ကြပါသည်။ ထိုမှတ်တမ်းစာအုပ်များထဲ၌ အစ္စရေးလ်တို့သည် သူတို့၏စစ်မှန်သောဘုရားကို သစ္စာရှိကိုးကွယ် ဆည်းကပ်ကြရမည့်အစား ရုပ်တုများကိုးကွယ် အကျင့်သီလဖောက်ပြန် ပျက်စီးသွားကြသည်။ ထိုအကြောင်းနှင့်အတူ အကယ်၍ အစ္စရေးလ်လူမျိုးတို့က မိမိအပြစ်ကိုနောင်တရလာပါက ကောင်းကြီးမင်္ဂလာခံစားရမည့်အကြောင်း သတိပေးချက်များ ထာဝရဘုရားအား နာခံမှုမရှိပုန်ကန်ပါက တရား စီရင်ခြင်းခံရမည့် အကြောင်းနှင့် ထိုကဲ့သို့အမှန်တကယ် တရားစီရင်ခြင်းခံခဲ့ကြပုံများလည်း ပါရှိပါသည်။ သူတို့ကို တိုင်းတပါးလက်သို့ ထာဝရဘုရားကိုယ်တော်တိုင်ကထိုးအပ်ထားခဲ့ခြင်းများပါ မကျန်ပါရှိသည်။ ကာလအတော်ကြာသောအခါ အစ္စရေးလ်တို့ တောင့်တမှုအပေါ် ရှောလု၊ ဒါဝိဒ်နှင့် ရှောလမုန်တို့ရှင်ဘုရင်ဖြစ်လာကြပြီး နောက်ပိုင်း၌ နိုင်ငံတော်(၂)ခြမ်းကွဲသွားကာ မြောက်ပိုင်းရှိတိုင်းပြည်ကို အစ္စရေးလ်တိုင်းပြည်၊ တောင်ပိုင်းကိုယုဒဟူ၍ ဖြစ်သွားခဲ့ပါသည်။ ထိုအခါ သူတို့၏ စစ်မှန်သော ဘုရားကို မကိုးကွယ်ဘဲ ရုပ်တုကိုးကွယ်လာကြသည်။ ပရောဖက်တို့က အပြစ်နောင်တရရန် မကောင်းသော အကျင့်ဖျောက်ပစ်ဖို့ ဆုံးမခဲ့ကြသော်လည်း ဂရုမစိုက်ဖြစ်ကြသောအခါ ထာဝရဘုရား၏ တရားစီရင်ခြင်းခံရမည်ကို သတိပေးခဲ့ကြသည်။

**<u>ဘီစီ ၇၄၀- အစ္စရေးလ်ထံသို့ To Israel, about 740 BC:</u>**

<u>ဘီစီ (၇၄၀)တုန်းက ပရောဖက်တစ်ပါး၏ မှတ်တမ်းကို ဤသို့ဖတ်ရသည်။</u>

“သူတို့သည် နားမထောင် မိမိတို့ဘုရားသခင်ထာဝရဘုရားကို မယုံကြည်သော ဘိုးဘေးများလည်ပင်းကဲ့သို့ မိမိတို့လည်ပင်းကို ခိုင်မာစေကြ၏။ . . . မိမိတို့ဘုရားသခင် ထာဝရဘုရား၏ ပညတ်တော်ရှိသမျှတို့ကိုစွန့်၍ သွန်းသောရုပ်တုနွား

သူငယ်နှစ်ကောင်နှင့် အာရှရပင်ကိုလုပ်ကြ၏။ မိုးကောင်းကင် တန်ဆာများ (နေ၊ လ၊ ကြယ်) ကိုကိုးကွယ်၍ ဗာလဘုရားကိုလည်းဝတ်ပြုကြ၏။ သားသမီးတို့ကို မီးဖြင့်ပူဇော်ကြ၏။ နတ်ဝိဇ္ဇာအတတ်၊ ပြုစားတတ်သောအတတ်ကို သုံးဆောင်၍ ထာဝရဘုရား၏ အမျက်တော်ကို နှိုးဆော်ခြင်းငှါ ရှေ့တော်၌ ဒုစရိုက်ပြည်ကို ပြုမည်ဟု ကိုယ်ကိုရောင်းကြ၏။ ထို့ကြောင့် ထာဝရဘုရားသည် ဣသရေလအမျိုး ကိုပြင်းစွာအမျက်ထွက်၍ မျက်မှောက်တော်မှ ပယ်ရှားတော်မူ၏။ . . . (၄ရာ ၁၇း၁၄-၁၈)။ ဤသို့အာဆီယံတို့က အစ္စရေးလ်နိုင်ငံကို ဘီစီ (၇၂၀)၌ တိုက်ခိုက် သိမ်းပိုက်ကြသည်။ ထိုမှ (၁၃၀)နှစ်ကြာသောအခါ ယုဒပြည်၏ (တောင်ပိုင်း နိုင်ငံ)၏ဘဝကံကြမ္မာကို ဤသို့ဖတ်ရှုပါ သည်။

**<u>အနှစ် ၁၃၀ နောက်ပိုင်း ယုဒထံသို့</u> To Judah, 130 years later:**

သူတို့သည်လည်း မြောက်ပိုင်းရှိ အစ္စရေးလ် လူမျိုးတို့ကဲ့သို့ပင် ဘုရားရှင် အားနာခံမှုမရှိဆန့်ကျင်ပုန်လာကြသည်။ ထိုအခါ (၆ရာ ၃၆း၁၄-၁၆)

"ထိုမှတစ်ပါး၊ ယဇ်ပုရောဟိတ်အကြီးများနှင့် ပြည်သူပြည်သားရှိသမျှတို့သည် တစ်ပါးအမျိုးသားရွံရှာဖွယ် ပြုသည့်အတိုင်း၊ အလွန်ပြစ်မှားကြ၏။ . . . ဘိုးဘေးတို့၏ ဘုရားသခင် ထာဝရဘုရားသည် မိမိလူမျိုးနှင့် မိမိနေတော်မူရာအရပ်ကို သနားသောကြောင့်၊ စောစောထ၍ အထပ်ထပ် စေလွှတ်သော တမန်တို့အားဖြင့် မှာလိုက်တော်မူသော်လည်း ဘုရားသခင်၏တမန်တို့ကို ပြက်ရယ်ပြု၍ အမိန့်တော်ကို နားမထောင်၊ ပရောဖက်တို့ကို ညှင်းဆဲသောကြောင့်၊ ထာဝရဘုရား၏ အမျက်တော်မငြိမ်းနိုင်အောင် မိမိလူမျိုးကို ထွက်သဖြင့် ခါလဒဲရှင်ဘုရင်ကို စစ်ချီစေတော်မူ၏"

ဤသို့ပြစ်မှုကျူးလွန်ကြသောကြောင့် ဘီ-စီ (၅၉၀)၌ ဘုရားရှင်က ဗာဗုလုန်စစ်သည် တို့၏ လက်ထဲသို့ပေးအပ်ပြီး ယေရုရှလင်မြို့ကြီးကို သိမ်းပိုက်ကြသည်။ ဗိမာန်တော်ကြီးပါ မီးရှို့ပြာချခဲ့ကြသည်။ ယုဒလူမျိုးကိုလည်း ဗာဗုလုန်ပြည်သို့ ကျွန်အဖြစ်



ပြောင်းလဲခြင်း ဖြစ်ပေါ်လာမည့်နိုင်ငံအကြောင်းအရာကို သိရှိသောသူဖြစ်ကြောင်း သူ့ပရောဖက်ပြုချက် ကျမ်းစာများအရသိနိုင်ပါသည်။

ထင်ရှားသောပရောဖက်ပြုချက်မှာ "ဗာဗုလုန်မင်းကြီး၏ သတ္တုမျိုးစုံပါဝင်သော ရုပ်ထုကြီးအကြောင်းအိပ်မက်ဖြစ်ပြီး တောင်ပေါ်မှ အလိုလိုလိမ့်လာသော ကျောက်တုံးကြီးသည် ထိုရုပ်ထုကြီးအပေါ်ကျသွားကာ၊ ရုပ်ထုကြီးလည်းမြေကြီးသို့ အကုန်ကွဲရှပြန့်ကြဲသွားပါသည်။ ရုပ်ထုကြီးသည်အင်ပိုင်ယာ နိုင်ငံကြီး(၄) နိုင်ငံကို ကိုယ်စားပြုကာ ထို(၄)နိုင်ငံပျက်စီးပြီးမှ နောက်ထပ်ဖြစ်ပေါ်မည့်နိုင်ငံငယ်များ အကြောင်းကိုပါကိုယ်စားပြုခြင်းဖြစ်သည် "ဟုဒံယေလကဆိုခဲ့၏။ ပထမပိုင်းသည် ဗာဗုလုန်အင်ပိုင်ယာကြီးပင်ဖြစ်ပြီး နောက်ပိုင်းတွင်ပါရှားနှင့်ဂရိအင်ပိုင်ယာတို့ ပေါ်ပေါက်လာမည်ဟု ဟောခဲ့သည်။ စတုတ္ထအင်ပိုင်ယာကြီးသည် ရောမအင်ပိုင်ယာကြီးပင်ဖြစ်ပြီး နိုင်ငံအသေးများအဖြစ်ကွဲသွားခဲ့ပါသည်။ ထိုအတိုင်းမှန်ကန်ပါသည်။ သမ္မာကျမ်းစာသည် အရှေ့အလယ်ပိုင်းဒေသနှင့် မြေထဲပင်လယ်ကို ဝိုင်းရံသော နိုင်ငံများကို အထူးသာဓကပြုဖေါ်ပြနေပါသည်။ ဒံယေလခေတ် ဘီစီ(၆၀၀)၌ ဗာဗုလုန်သည် အကြီးဆုံးအင်ပိုင်ယာကြီးဖြစ်ခဲ့ပြီး၊ နောက်ပိုင်း၌ မေဒိနှင့်ပေရသိတို့သည် ဘီစီ (၅၃၀) ၌ပေါ်ထွန်းလာခဲ့ကြသည်။ ၄င်းကို ဘီစီ(၃၃၀) တွင်အလက်ဇန္ဒါးကြီးက အောင်နိုင်ခဲ့သည်။ အကြီးဆုံးအင်ပိုင်ယာမှာရောမအင်ပိုင်ယာဖြစ်ခဲ့ပြီး ဘီစီ(၂)မှ အေဒီ(၅) ရာစုနှစ်ထိခံခဲ့ပါသည်။ နှစ်ပေါင်း(၇၀၀) လောက်အုပ်ချုပ်ပြီး အစ္စရေးလ် အပါအဝင် အရှေ့အလယ်ပိုင်းနိုင်ငံအားလုံးကို အောင်နိုင်ပြီးအုပ်ချုပ်ခဲ့သည်။ သို့သော်(၅)ခု မြောက်အင်ပိုင်ယာဟူ၍ ပေါ်မလာတော့ဘဲ နိုင်ငံသေးသေးများ အဖြစ်ကွဲသွားကြသည်။ ဥရောပရှိ ယနေ့နိုင်ငံများသည် ရောမအင်ပိုင်ယာမှ ကွဲထွက်သွားသော အင်ပိုင်ယာများဖြစ်ကြသည်။ ဒံယေလခေတ်ဖြစ်သော ဘီစီ(၆၀၀)မှ ယနေ့ကာလထိပြန်လည်တွက်ဆလျှင်၊ မြေထဲပင်လယ်နိုင်ငံများ (အစ္စရေးနိုင်ငံပါ) မြေထဲပင်လယ် ကွေ့ကိုဝိုင်းရံသော

လူ့ဣသရေလအမျိုးနှင့် ယုဒအမျိုးတို့ကို ငါဆောင်ခဲ့ရသော အချိန်ကာလသည် ရောက်လိမ့်မည်။ သူတို့ဘိုးဘေးတို့အား ငါပေးသောပြည်သို့ ငါပြန်လာစေသဖြင့် သူတို့သည် ပိုင်ရကြလိမ့်မည်ဟု မိန့်တော်မူ၏။ သူတို့ကို မြောက်ပြည်မှ ငါဆောင်ခဲ့၍ မြေကြီးစွန့်မှုစုသိမ်းမည်။. . . အိုလူမျိုးတို့ ထာဝရဘုရား၏ အမိန့်တော်ကို နားထောင်ကြလော့။. . . ဣသရေလအမျိုးတို့ကို အရပ်ရပ်သို့ ကွဲပြားစေသောသူသည် တစ်ဖန်စုသိမ်းပြီးလျှင် သိုးထိန်းသည် မိမိသိုးစုကို စောင့်တတ်သကဲ့သို့ စောင့်တော်မူမည်ဟု ကြားပြောကြလော့" (ယေ ၃၀း၃၊ ၃၁း၈-၁၀)။ အထက်ပါအတိုင်း အမှန်တကယ်ပြည့်စုံမှန်ကန်လာပါသည်။ ပြီးခဲ့သည့် ၂၀ ရာစုနှစ်အတွင်း၌ များစွာသော ဂျူးလူမျိုးတို့သည်-ပါလက်စတိုင်းနိုင်ငံသို့ပြန်ဝင် လာခဲ့ကြသည်။ အစ္စရေးလ်နိုင်ငံအား မျက်မြင်ပြန်လည်ထူထောင်နိုင်ကြပြီး၊ ယေရှုရှလင်မြို့သည်လည်း၊ ၎င်းတို့၏မြို့တော် ဖြစ်နေပါသည်။

ထိုသို့ဆက်ဖြစ်လာမည်ကို မည်သူကြိုတင်သိမြင်နိုင်သနည်း။ ဂျူးလူမျိုးကို အေဒီ(၇၀)၌ ကမ္ဘာတိုင်းပြည်အရပ်ရပ်သို့ရောက်ရှိ ပြန့်ကြဲကုန်ပြီး နှစ်ပေါင်း (၂၀၀၀)ကြာမှ သူတို့၏မူလတိုင်းပြည်သို့ဝင်ရောက်ကာ နိုင်ငံတော်ပြန်လည်ထူ ထောင်မည်ကိုမည်သူသိနိုင်သနည်း။ မည်သည့်လူသား၊ အဖွဲ့သားများကမျှ လုံးဝ မသိမြင်ခဲ့ကြပါ။ သို့သော် သိသောသူတစ်ဦးတစ်ယောက်တော့အမှန်ရှိနေပါသည်။ ထိုသူသည် ထာဝရဘုရားရှင်ဖြစ်ပါသည်။ ကမ္ဘာလူသားများလုံးဝ မမျှော်မှန်း နိုင်သောအကြောင်းအရာများကို ရေးသားရန်ပရောဖက်တို့အား နှုတ်ကပတ်တော် စကားကို ချီးမြှင့်တော်မူခဲ့ပါသည်။ သူတို့ရေးခဲ့သောအရာဟူသမျှ ဘုရားရှင် မှုတ်သွင်းသော အရာများသာဖြစ်ပါသည်။

**သမိုင်းလမ်းကြောင်း (The coure of history)**

ဒံယေလသည် ဘီစီ(၆၀၀)၌ ဗာဗုလုန်ဘုရင်ကြီး၏ နန်းတော်ထဲတွင် ထင်ရှားသောသူ ဖြစ်ခဲ့ပါသည်။ သို့သော်သူကွယ်လွန်သည့်နောက်ပိုင်း



ဖမ်းယူခေါ်ဆောင်ခဲ့ကြသည်။ ထိုအချိန်မှစ၍ အစ္စရေးလ်လူမျိုးတို့ နိုင်ငံတော်သည် လည်းပြိုပျက်သွားပြီး နိဂုံးချုပ်သွားခဲ့ပါသည်။

ဤသို့ဆိုလျှင် အစ္စရေးလ်တို့က သူတို့၏အကြောင်းအရာ ကံကြမ္မာ အကောင်းအဆိုးတို့ကို မည်သို့မှတ်တမ်းတင်နိုင်သနည်း။ မည်သို့သိမ်းဆည်းလာခဲ့ ကြသနည်း။ အစ္စရေးလ်တို့၏ သမိုင်းမှတ်တမ်းများ မမှန်ပါဟု ဆိုလျှင် အစ္စရေးလ် လူမျိုးတို့အား အသရေဖျက် စော်ကားပြောဆိုမှု မှတ်ချက်ချမှုသာ ဖြစ်သွားလိမ့်မည် ဟုသမိုင်းပညာရှင်ကြီးများက မှတ်ချက်ချခဲ့ကြပြီး ဖြစ်ပါသည်။ အဘယ့်ကြောင့် ယနေ့ထိ အစ္စရေးလ်တို့၏ ရာဇဝင်သမိုင်းမှတ်တမ်းကြီး မပျက်မစီး ထိန်းသိမ်းစောင့် ရှောက်မှုရှိပါသနည်း။

**မည်သို့မည်ပုံရေးသားလာခဲ့ကြသနည်း။ How did such writings arise?**

မေးသင့်သောမေးခွန်းရှိနေသည်မှာ "သာမန်အားဖြင့် လူတစ်ယောက်က အခြားနိုင်ငံအားလုံး၏ ကြန်အင်လက္ခဏာရပ်များကို မည်သို့ပေါ်လွင်ထင်ရှား အောင် ပြုလုပ်သနည်း" ဟူသော မေးခွန်းဖြစ်ပြီး ကြန်အင်းလက္ခဏာ (အမျိုးသား လက္ခဏာပြရုဒ်)ဆိုသောအခါ လူမျိုးဂုဏ်၊ အကျင့်ပျက်သော သူအုပ်ချုပ်သူမင်းများ အာဏာကို အင်္ကန်းမရတပ်မက်ခြင်းများ၊ ဥစ္စာနေကြွယ်ဝမှု တပ်မက်ခြင်းများ အခြား သောလူမျိုးတို့ ကိုးကွယ်သောရုပ်ထုကိုလိုက်ကိုးကွယ်ခြင်းများ သူတို့ဘုရား၏ တရားစကားတော်ကို ငြင်းပယ်ခြင်းများပါဝင်သည်။ ထိုကဲ့သို့သော ဘုရားရှင်အား ငြင်းပယ်ဆန့်ကျင်မှု၌ ခေါင်းမာလှသော လူများကမည်ကဲ့သို့ စိတ်ဓါတ်ရေးရာ မြှင့်တင်မှုနှင့်ဆိုင်သော သွန်သင်ချက်များ အကျင့်သီလကောင်းမြတ်ခြင်း ဂရုဏာ တရားများ အိမ်နီးနားချင်း အပေါ်ချစ်ခင်မှုများအပြင် စကြဝဠာကြီးတစ်ခုလုံး ဖန်ဆင်းရှင်ထာဝရအပေါ် ကြည်ညိုလေးစားမှု စသည်များကိုမည်ကဲ့သို့ ရေးသား ပြုစုနိုင်ကြသနည်း။ ဆာလံကျမ်းနှင့် ပရောဖက်တို့ဟောစာတရားများ ကိုကြည့်ပါ။ ထိုကဲ့သို့သော အချင်းအရာသည် အခြားလူမျိုးတိုင်းရင်းသားများ၌ မရှိပါ။ အကျင့်

ပျက်ဆိုးယုတ်လျော့ရှိသော အစ္စရေးလ်လူမျိုးတို့က အံ့ဖွယ်အဆို အမိန့်အပြော၊ အဟောစုံလင်သောစာအုပ်ကြီး ကိုမည်ကဲ့သို့ရေးသား ထုတ်လုပ်လာနိုင်ခဲ့ သနည်း။ လူသဘာဝအနေအထားအား ဖြင့်ရှင်းပြရန်မဖြစ်နိုင်ပါ။ သို့သော် မှတ်တမ်းများ၊ အကြောင်းအရာများသည်အမှန်ဖြစ်ပြီး၊ လူ့အတွေးအခေါ်မပါသော ထာဝရဘုရား၏ အလိုဆန္ဒ အမှန်ဖြစ်ခဲ့လျှင် ထိုမေးခွန်း၏ အဖြေမှန်ကို ရှင်းပြနိုင်ပါသည်။ လွယ်ကူစွာလည်းသဘောပေါက်နားလည်နိုင်သည်။ လူ့အသိဉာဏ်ထက် သာလွန်ကြီးမြတ် သောအသိဉာဏ်ပိုင်ရှင်သည် ကျမ်းစာရေးသားသူများ၏ နောက်ကွယ်တွင်ရှိနေပါသည်။ ရာစုနှစ်ပေါင်းများစွာအတွင်း ကျမ်းစာပါဟောပြော သွန်သင်ချက်လမ်းကြောင်းဖော်မှုသည် မည်သည့်အခြားသောအကြောင်းအရာ များမှ ဆက်လက်ထိန်းသိမ်းခြင်းမရှိပါ။ ပြောင်းလဲစေခြင်းမပြုနိုင်ခဲ့ပါ။ ဤသို့ဖြင့် အစ္စရေးလ်လူမျိုးတို့ကလည်း ကျမ်းစာပါ အမှန်တရားကို မပစ်ပယ်နိုင်ကြသောကြောင့် ဘေးချခြင်းမပြုရဲဘဲ ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက် လာခဲ့ကြပါသည်။ ကျမ်းစာပါအကြောင်း အရာအားလုံးသည် ထာဝရဘုရားထံတော်မှရရှိကြောင်းအသေအချာ သိနားလည်ခဲ့ကြပါသည်။

**<u>တစ်ခုမကျန်မှန်ကန်ပြည့်စုံလာသော ကြိုတင်ပရောဖက်ဟောကိန်းထုတ်ချက်များ</u> ( Unique Prophecy)**

နောင်ကာလနှင့်ပတ်သက်သော အသိပညာသည် လူသားအားလုံး၏ အတွေ့အကြုံများထဲ၌ အနည်းအကျဉ်းရှိစမြဲဖြစ်ပါသည်။ မနက်ဖြန်အခါမည်သို့ဖြစ်လာမည်ကို အတိအကျသိနိုင်သူ မရှိသလို ရှေ့နှစ်အတွက်နှင့်လာမည့် နှစ်ပေါင်းများစွာအတွက် အတိအကျသိရှိနိုင်သူ လူသားဟူ၍တစ်ဦးတစ်လေမျှမရှိကြပါ။ ကမ္ဘာ့တိုင်းပြည်နိုင်ငံများ၏ တွေ့ကြုံရမည့် ဘဝကံကြမ္မာကို ရဲဝံ့စွာနှစ်ပေါင်း များစွာအတွက်ပင် ဟောကိန်းထုတ်ခဲ့သူသည် သမ္မာကျမ်းစာအုပ်ကြီးသာ ဖြစ်ပါသည်။

အစ္စရေးလ်နိုင်ငံသည် အထင်ရှားဆုံးပုံဖော်သူဖြစ်သည်။ ထာဝရဘုရား၏



တရား စကားနားမထောင်ခြင်းကြောင့် အာဆီရီးယံတို့ ဗာဗုလုန်တို့၏ ဖမ်းဆီးခေါ်ဆောင် ခြင်းခံခဲ့ကြရပုံကို ဆွေးနွေးလာခဲ့ပါသည်။ အချို့ပြန်လည် ဝင်ရောက်လာပြီး အစ္စရေးလ်နိုင်ငံ၌ ခြေချနေထိုင်သူများ အများအပြားရှိခဲ့ကြသော်လည်း မကြာခင် နှစ်များအတွင်း ရောမအစိုးရ၏ပြန်လည်တိုက်ခိုက် ဖျက်ဆီးမောင်းထုတ်ခြင်းခံခဲ့ကြရပြန်သည်။ ထိုကာလသည် အေဒီ (၁)ရာစုနှစ်များအတွင်း၌ဖြစ်ပြီး ယေရှုခရစ်တော် လက်ထက်၌ ဖြစ်ပွားခဲ့ပါသည်။ အမှန်မှာ ယေရှုခရစ်တော်သည် ပရောဖက်ပြုခြင်းတို့၌ နောက်ဆုံးပိတ်ပရောဖတ်ဖြစ်တော်မူသောကြောင့် "သူတို့ (ဂျူးလူမျိုးတို့) သည် ဓါးဘေးဖြင့် ပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်။ အခြားသောပြည်အရပ်ရပ်သို့ ဖမ်းသွားကြလိမ့်မည်။ တစ်ပါးအမျိုးသားတို့သည် မိမိတို့အချိန်ကာလမပြည့်မည်တိုင်အောင် ယေရုရှလင်မြို့ကို ခြေနှင့်နင်းကြ လိမ့်မည်" (လု-၂၁း၂၄)။

ယေရှုခရစ်တော်၏ ဟောကိန်းသည် နှစ်ပေါင်း (၄၀)ကြာသောအခါ အေဒီ(၇၀)နှစ်၌အမှန်တကယ် ပြည့်စုံမှန်ကန်လာပါသည်။အစ္စရေးလ်တို့ လည်း တိုင်းပြည်မဲ့၊ အိုးမဲ့အိမ်မဲ့ဖြင့်ထွက်ပြေးကုန်ကြသောကြောင့်၊ လူမျိုးသမိုင်းပုံပြင်လည်း မရှိတော့သည့် အနေအထားသို့ ရောက်သွားခဲ့ပါသည်။ လူ့သဘာဝအရပြောရလျှင်၊ နိုင်ငံတကာသို့ပြန့်ကြဲရောက်ရှိကုန်ကြပြီး ညှင်းပန်းနှိပ်စက်သတ်ဖြတ်ခြင်း၊ မတရားအနှိမ်ခံရခြင်းများကြောင့် ကမ္ဘာမြေကြီးပေါ်မှ ပျောက်သွားပြီဟုဆိုရမလို ဖြစ်နေပါသည်။ကာလအကြာကြီးပျောက်ဆုံးပြီးကမ္ဘာကြီးကပင် မေ့ပျောက်ခဲ့သောလူမျိုးဖြစ် သွားကြခဲ့ကြသည်။ သို့သော်ပရောဖက်တို့၏ ကျမ်းစာထဲ၌ အစ္စရေးလ်လူမျိုးတို့ ပျောက်ကွယ်ကြလိမ့်မည်မဟုတ်ပါ။ သူတို့၏ မူရင်းနိုင်ငံကို ပြန်လည်တည်ထောင်နိုင်ကြလိမ့်မည်ဟု ဟောကိန်းထုတ်ခဲ့ကြပါသည်။

"ထာဝရဘုရား မိန့်တော်မူသည်ကား၊ ယခုဖမ်းသွားခံရသော ငါ၏